## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသောပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

**ဓမ္မပဒ**


# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ


### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇၉)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၆ ရက်၊ တနင်္လာနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လွန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့၊ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် လွန်ပရာဘန်မြို့သို့ထွက်ခွာကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတရုံးဝန်ကြီး မစ္စစ် ဖွန်းစမွတ် အန်လာဝန် ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် **စာမျက်နှာ ၅ ကော်လံ ၁** ☆





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိ လာအိုရှေးဟောင်း "ဖဘန်" ဘုရားကို ဖူးမြော်ကြည်ညို၍ ဆီမီးနှင့်ပန်းများကပ်လှူပူဇော်စဉ်။


# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အရောင်းပြခန်းများ၌ လာရောက်လေ့လာဝယ်ယူအားပေးသူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများဖြင့်စည်ကား



နေပြည်တော် ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အဖြစ် တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း အရောင်းပြခန်းများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ဇူလိုင်လ ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ရောင်းချပေးရာ လာရောက်လေ့လာဝယ်ယူအားပေးသူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

# မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ




နေပြည်တော် ဇူလိုင် ၅

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်း- **စာမျက်နှာ ၁၀ ကော်လံ ၁** ⇨


ဆောင်းပါး

**ချစ်ကြည်ရေးမှသည် သံတမန်ရေးနှင့် နှစ်နိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆီသို့** စာ - ၁၁ သို့

**တက်ကြွ၍သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး** စာ - ၈ သို့

# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၆ ရက်)

## ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းကြီးအဖြစ်သို့

ယနေ့ဇူလိုင်လ ၆ ရက်နေ့သည် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ဖြစ်သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ဆောင်ပုဒ်မှာ "တက်ကြွ၍သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သောကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး"ဖြစ်သည်။ နိုင်ငံတိုင်းတွင် လူဦးရေနေထိုင်မှုများပြားသည်မှာ ကျေးလက်ဒေသများဖြစ်သည်။ ကျေးလက်ဒေသနေပြည်သူများ၏လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးလုပ်ငန်းများအဆင်ပြေစေရေးနှင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းစေရေးတို့အတွက် နိုင်ငံအသီးသီးက ဆယ်စုနှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ခဲ့ကြခြင်းကို အသိအမှတ်ပြုရန်နှင့် ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ရန် "ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့" ကို သတ်မှတ်ပေးထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မြို့ပြများဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ကျေးလက်ဒေသများမှာလည်း ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်သည်။ **ကျေးလက်ဖွံ့ဖြိုးမှ နိုင်ငံဖွံ့ဖြိုးမည်** ဆိုသည့်အတိုင်း ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝမြင့်မားစေရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် မဟာဗျူဟာချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ သမဝါယမစနစ်မှတစ်ဆင့် ကျေးလက်နေပြည်သူများစီးပွားပိုမိုဖြစ်ထွန်းလာစေပြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **"မိမိတို့အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝကိုမြှင့်တင်ပေးရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည့်အတိုင်း ကျေးလက်ဒေသများ ကုန်ထုတ်လုပ်မှုအားကောင်းလာပြီး အောင်မြင်တိုးတက်သည့် စီးပွားရေးဝန်းကျင်ဖြစ်လာစေရေး၊ ပြည်သူများဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝသာယာဝပြောလာစေရေးတို့ကို အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အေးချမ်းတည်ငြိမ်ပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်သည့် ပျော်ရွှင်ချမ်းမြေ့သော လူ့အသိုက်အဝန်းကြီးအဖြစ်သို့ မလွဲမသွေရောက်ရှိစေရေး တည်ဆောက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါသည်"** ဟူ၍ဖော်ပြပါရှိသည်။

ကျေးလက်ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရာတွင် စိမ်းလန်း၊ သန့်ရှင်း၊ ခေတ်မီပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုစနစ်နှင့် ကျန်းမာရေးစနစ်ကောင်းမွန်သောကျေးရွာများ၊ ခေတ်မီစနစ်ကျသောစိုက်ပျိုးရေး၊ မွေးမြူရေး၊ လုပ်ငန်းဆောင်ရွက်သောကျေးရွာများဖော်ဆောင်ရေးကို မဖြစ်မနေဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို အဆိုးရွားဆုံးခံစားနေရသူများမှာ ကျေးလက်နေပြည်သူများဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ သစ်တောသစ်ပင်များပြုစုပျိုးထောင်ခြင်း၊ စွန့်ပစ်အမှိုက်စနစ်တကျစီမံခန့်ခွဲခြင်းများကို အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြမှသာ ကျေးရွာများသန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်ပြီး ခေတ်မီနည်းပညာများကိုအသုံးချသည့် စံပြကျေးရွာများအဖြစ် အသွင်ကူးပြောင်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအဖြစ် လယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့သည် ကျေးလက်ဖွံ့ဖြိုးရေးအတွက် အဓိကအရေးကြီးလှသည်။ ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်စေရေးတို့ကိုလည်း ဟန်ချက်ညီညီ မြှင့်တင်ကြရမည်ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေးစသည့်အခြေခံကဏ္ဍများတိုးတက်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ဝင်ငွေတိုးပွားရေးအတွက် ကုန်ထုတ်လုပ်ငန်းများ အားကောင်းလာစေရန် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ MSME များသည် နိုင်ငံတော်စီးပွားရေး၏အဓိကမောင်းနှင်အားဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးနှင့် MSME များအတွက် လိုအပ်သောငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုများနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ကို နိုင်ငံတော်မှပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့၏ မိရိုးဖလာလုပ်ငန်းများကို အဆင့်မြှင့်တင်ကာ ဒေသထွက် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျေးလက်နေပြည်သူများစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကိုလည်း အမြဲမပြတ်ဖွင့်လှစ်ပေးနိုင်ရေး သက်ဆိုင်ရာဌာနများက အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ "တက်ကြွ၍သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သောကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး" အောင်မြင်မည်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် ကာလလျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံ ၁၂၇၄၅၃ ဧက စိုက်ပျိုးပြီးစီး

ကန့်ဘလူ ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၁၂၇၄၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်၌ ယခုဘဏ္ဍာနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံလျာထားဧက ၁၂၆၃၅ ဧကကို ဧပြီလနှင့် မေလတွင် စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၇၄၅၃ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဒေသခံတောင်သူတွေနဲ့ ပူးပေါင်းပြီး အပင်ဖြစ်ထွန်းချိန်အလိုက် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တာတွေ၊ ရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့အထွက်ကောင်းမျိုးတွေ၊ အရည်အသွေးကောင်းမျိုးတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ နည်းပညာပံ့ပိုးပေးနိုင်ဖို့၊ နည်းစနစ်တွေ ဖြန့်ဝေပေးနိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်က ပြောသည်။

ကန့်ဘလူမြို့နယ်၌ မိုးသီးနှံပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၃၅၄၃၇ ဧက၊ ပဲစင်းငုံ ၈၉၀၇၂ ဧက၊ စွန်တာပြာ ၂၁၅၁ ဧက၊ ထောပတ်ပဲ ၇၈၄ ဧကနှင့် အခြားပဲ ၉ ဧက စုစုပေါင်း ၁၂၇၄၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၂၆ (တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၀။ | ၁၈:၂၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၁၁။ | ၁၈:၃၅ | ကျန်းမာသုတ |
| ၃။ | ၀၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၂။ | ၁၈:၄၀ | ကဏ္ဍစုံလင်ဖွံ့ဖြိုးရေး ဖြည့်ဆည်းစီမံဆောင်ရွက်ပေး |
| ၄။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၃။ | ၁၉:၀၀ | CGTN NATURE(1) |
| ၅။ | ၁၀:၁၅ | တစ်ပတ်အတွင်းနိုင်ငံတကာသတင်း | ၁၄။ | ည ၈ နာရီသတင်းအပြီး | အမျိုးသားရေးတေးကဗျာ |
| ၆။ | ၁၁:၁၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ | ၁၅။ | | နိုင်ငံတကာသတင်း |
| ၇။ | ၁၄:၁၅ | နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ | ၁၆။ | | မိုးလေဝသသတင်း |
| ၈။ | ၁၅:၃၀ | ပန်းပေါင်းစုံစွာအနုပညာ | ၁၇။ | | သစ်တောသယံဇာတနှင့်သဘာဝပတ်ဝန်းကျင် |
| ၉။ | ၁၆:၄၀ | ကိုယ်လက်လှုပ်ရှားအားကစား | | | |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုး မီဒီယာများအားရှင်းလင်းဖြေကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့သည်။ အဆိုပါခရီးစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက မီဒီယာများအား ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး။ နိုင်ငံတော်သမ္မတက လာအိုနိုင်ငံကို အာဆီယံနိုင်ငံတွေထဲမှာ ပထမဆုံး သွားရောက်ဖြစ်တဲ့ အကြောင်းရင်းကို ပြောပေးပါဦး။**

**ဖြေ။** ကျွန်မတို့သမ္မတကြီးက အာဆီယံနိုင်ငံထဲမှာ လာအိုနိုင်ငံကို ပထမဆုံးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ဒီလိုသွားရောက်တဲ့အကြောင်းရင်းက အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံက နှစ်ပေါင်း (၇၀) ကျော် သံတမန်ဆက်ဆံရေးရှိခဲ့တဲ့ နိုင်ငံပါ။ နယ်နိမိတ်ချင်းလည်းထိစပ်နေတယ်။ အစဉ်အဆက်ရင်းနှီးစွာ ဆက်ဆံခဲ့တယ်၊ ပြည်သူတွေချင်း ဆက်ဆံရေးဆိုရင် နှစ်ပေါင်း (၇၀) မကပါဘူး။ နှစ်ပေါင်းရာချီပြီး ပြည်သူအချင်းချင်း ဆက်ဆံခဲ့တဲ့နိုင်ငံပါ။ ပြီးတော့မြန်မာနိုင်ငံကို အမြဲတမ်း Supporting ပေးခဲ့တယ်။ နယ်နိမိတ်တစ်လျှောက်မှာ နယ်စပ်ပြဿနာ လုံးဝမရှိခဲ့တဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံလုံးက အာဆီယံကို တစ်ရက်တည်း ဝင်ခဲ့ကြပါတယ်။ လာအိုနိုင်ငံက ၂၀၂၄ ခုနှစ်မှာ အာဆီယံ Chair အဖြစ် တာဝန်ယူစဉ်ကလည်း ကျွန်မတို့နိုင်ငံကို အပြည့်အဝထောက်ခံခဲ့ပါတယ်။ ကျွန်မတို့နိုင်ငံဘက်က အပြည့်အဝ ရပ်တည်ခဲ့ပါတယ်။ သံတမန်ဆက်ဆံရေး တစ်လျှောက်မှာလည်း တကယ်ကိုမိတ်ဆွေအရင်းအချာပမာဆက်ဆံခဲ့တဲ့ အိမ်နီးချင်းကောင်း နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒါက ကျွန်မတို့နှစ်နိုင်ငံရဲ့နိုင်ငံရေး၊ သံတမန်ရေးပါ။

နောက်တစ်ခုက လာအိုနိုင်ငံက အာဆီယံနိုင်ငံထဲမှာ land-locked country ပါ။ land-locked country ကနေပြီး land-linked country ဖြစ်လာတယ်။ လာအိုနိုင်ငံကနေ လျှပ်စစ်ဓာတ်အားတွေကို ဗီယက်နမ်၊ ထိုင်းနဲ့ကမ္ဘောဒီးယားနိုင်ငံတွေကို ရောင်းချနိုင်ခဲ့တဲ့အနေအထားကိုရောက်လာပါတယ်၊ အဲဒီတော့ ကျွန်မတို့က ဒါတွေကို လေ့လာချင်တယ်၊ လာအိုနိုင်ငံဟာဆိုရင် မဲခေါင်မြစ်ကြီးတစ်ခုပဲရှိတဲ့နိုင်ငံပါ။ ကျွန်မတို့နိုင်ငံမှာဆိုရင် မြစ်ကြီး(၄)စင်းရှိပါတယ်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက်လေ့လာဖို့ ဆွေးနွေးဖို့အတွက်လာအိုနိုင်ငံကို ပထမဆုံး အာဆီယံနိုင်ငံထဲက နိုင်ငံအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

**မေး။ လာအိုနိုင်ငံခရီးစဉ်ကနေဘယ်လို သဘောတူညီချက်တွေ ရရှိခဲ့ပါသလဲ။**

**ဖြေ။** မြန်မာ-လာအို ခရီးစဉ်အတွင်းမှာ




နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်ဆက်ဆံရေးအဖြစ်မြှင့်တင်ဖို့ သဘောတူညီခဲ့ပါတယ်။ ပြီးတော့ ရေအားလျှပ်စစ်နဲ့ပတ်သက်လို့ မြန်မာနဲ့ လာအိုနဲ့ ပူးပေါင်းပြီးတော့မဲခေါင်မြစ်ဝှမ်းတစ်လျှောက်မှာရေအားလျှပ်စစ်ဘယ်လောက်ထုတ်နိုင်မလဲဆိုတဲ့ Feasibility Study လုပ်ဖို့အတွက် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြီးတော့ အလုပ်သမားရေးရာနဲ့ပတ်သက်လို့ လက်မှတ်ရေးထိုးခဲ့ပါတယ်။ နှစ်နိုင်ငံမြို့တော် နေပြည်တော်နဲ့ဗီယင်ကျန်းတို့ကို Sister City အဖြစ် ဆက်သွယ်ဆောင်ရွက်သွားဖို့လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကျန်ဆွေးနွေးခဲ့တဲ့အချက်တွေလည်းရှိပါတယ်။ ဒါကတော့ ကျိုင်းတုံနဲ့လွန်ပရာဘန်မြို့ကို လေကြောင်းလိုင်းပြေးဆွဲဖို့၊ နယ်စပ်ဒေသကုန်သွယ်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာ သတင်းအချက်အလက်တွေဖလှယ်ဖို့၊ ပူးပေါင်းဆောင်ရွက်ဖို့ ဒါတွေကို ဆွေးနွေးခဲ့ပါတယ်။

**မေး။ ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုက ဘာဖြစ်မလဲဆိုတာ သိပါရစေ။**

**ဖြေ။** ဒီခရီးစဉ်မှာ အထင်ရှားဆုံး အောင်မြင်မှုကို ပြောရမယ်ဆိုရင် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးမှာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ် တိုးမြှင့်ဖို့အတွက် အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပါတယ်။ ချစ်ကြည်ရင်းနှီးမှုမိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်နိုင်ခဲ့ပါတယ်။

**မေး။ မြန်မာ-လာအို ရေအားလျှပ်စစ်စီမံကိန်းအတွက် MoU ရေးထိုးခဲ့တယ်လို့ သိရပါတယ်။ အဲဒီကနေ ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်ပါမလဲ။**

**ဖြေ။** မြန်မာနဲ့လာအို လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ဆိုတာထက် ပထမဆုံးအနေနဲ့ မဲခေါင်မြစ်ဝှမ်းမှာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ Feasibility Study လုပ်ဖို့အတွက် agreement ရယူခဲ့တာပါ။ ဒီ agreement ကနေ လျှပ်စစ်ဓာတ်အားဘယ်လောက်ထုတ်နိုင်မလဲဆိုတာပါ။ သမ္မတကြီးက အမြဲတမ်းပြောတာရှိပါတယ်။ စွမ်းအင်လုံခြုံမှုရှိတာက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးဖြစ်တယ်ဆိုတာကို အမြဲတမ်းလမ်းညွှန်မှုပေးခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံမှာလိုအပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကို ဘယ်ကနေရရှိနိုင်မလဲဆိုတာ အမြန်ဆုံးနဲ့ဈေးအသက်သာဆုံးနည်းလမ်းကနေရရှိဖို့အတွက် နည်းလမ်းတွေရှာဖွေတဲ့နေရာမှာ ဒါ one of the source ဖြစ်လာနိုင်ပါတယ်။ ဒီလုပ်ငန်းစဉ်သာ အောင်မြင်မယ်၊ လေ့လာချက်တွေကနေပြီးတော့မှ နှစ်နိုင်ငံပူးပေါင်းပြီး ရေစွမ်းအင်ကနေ လျှပ်စစ်ရင်းမြစ်တွေ ဖော်ထုတ်နိုင်မယ်ဆိုရင် နှစ်နိုင်ငံပြည်သူတွေအတွက် များစွာအကျိုးရှိမှာဖြစ်ပါတယ်။ ။

**မြဝတီ**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၂၄၇၁၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေကို နှမ်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်စေဖို့နဲ့ စိုက်ပျိုးပြီးတဲ့ နှမ်းစိုက်ခင်းတွေကို ပေါင်းမြက်ရှင်းတာနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျဆောင်ရွက်နိုင်စေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသတွင်းရှိ မိုးသီးနှံ နှမ်းစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ဒိုက်ဦးမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ပံ့ပိုးပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကျင်းပ

ဒိုက်ဦး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်၌ ပြည်ပသို့တင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone) အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးစရိတ်ချေးငွေ ပံ့ပိုးပေးအပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ဇူလိုင်လ ၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းအောင်ဆန်းက အမှာစကားပြောကြားပြီး ပြည်ပသို့တင်ပို့မည့် ဆန်စပါးစိုက်ပျိုးရေးဇုန် (Rice Export Zone) အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဇုန်လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးတင်ထွဋ်မြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ Si Pwer Trading Co.,Ltd. မန်နေးဂျင်းဒါရိုက်တာ ဒေါ်နော်ခင်ခင်က Rice Export Zone အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်



ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းအောင်ဆန်းနှင့်အဖွဲ့ဝင်များ၊ Rice Export Zone ဆောင်ရွက်မည့် Si Pwer Trading Co.,Ltd. မန်နေးဂျင်းဒါရိုက်တာ ဒေါ်နော်ခင်ခင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် Rice Export Zone လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များက Rice Export Zone စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် ဒိုက်ဦးမြို့နယ်အတွင်းရှိ တကောင်း၊ ပျဉ်ပုံလေး၊ သရက်တော၊ ဆာပါခြံ၊ ဒိုးတန်း၊ ဥသျှစ်ကုန်း၊ ပျဉ်းမလွင်၊ ကတုတ်ရွာမ၊ တမံကြီး၊ ကတုတ်ဘုရားကြီး၊ ပသွယ်၊ အင်းသဇင်၊ ပွဲ့တမော့၊ ကံကလေး၊ ပန္တက်၊ ဖအောင်စု စသည့်ကျေးရွာအုပ်စု ၁၆ အုပ်စုမှ တောင်သူ ၇၇၀ ဦး၏ စိုက်ဧက ၈၂၂ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပံ့ပိုးပေးအပ်ပြီး လုပ်ငန်းအောင်မြင်စွာလုပ်ကိုင်နိုင်ရေး စာချုပ်ချုပ်ဆိုကြကြောင်း သိရသည်။ (၄၁၀)

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**"စစ်ကဲကြီးလည်း ဘိလပ်သားအရာရှိကြီးတို့ကဲ့သို့ နေထိုင်စားသောက်သည်ဖြစ်၍ မောင်ထွန်းမြတ်အား ကောင်းမွန်လှစွာသော စားဖွယ်သောက်ဖွယ်တို့ကိုကျွေးမွေးရာ မောင်ထွန်းမြတ်သည် ရူပါရုံ၌ မနောဓာတ်ငြိတွယ်လျက်နေသည်ဖြစ်သောကြောင့် ဇိဝှာရုံအရသာကို မခံစားနိုင်ဘဲရှိရကား စားဖွယ်အမျိုးမျိုးတို့၏အရသာကို ချိုသည်၊ ချဉ်သည်ဟု မပြောနိုင်လောက်အောင်ပင်ရှိပေ၏။ ဤသို့ပင်ရှိသော်လည်း မောင်ထွန်းမြတ်မှာ လူကြီးလူကောင်းတို့နှင့် အစဉ်မပျက်ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့သည်ဖြစ်၍ လူမှုရေးကို ကောင်းမွန်စွာနားလည်ပြီးဖြစ်သောကြောင့် အစိမ်းသက်သက်ဖြစ်သည်ဟု မမှတ်ထင်သင့်ချေ . . ."**

**ယမန်နေ့မှအဆက်**

ည ၇ နာရီခန့် အချိန်ကျရောက်လျှင် မောင်ထွန်းမြတ်နှင့် စစ်ကဲကြီးတို့သည် ဧည့်ခံခန်းမှထ၍ ထမင်းစားခန်းသို့ဝင်ကြပြီးလျှင်-

"ဟဲ့ . . . စောရီ၊ ခင့်ပြောလိုက်" ဟု မိန်းကလေးအစေခံတစ်ယောက်ကို ခိုင်းလိုက်ပြီးနောက် စားပွဲမှာထိုင်၍ စောင့်နေကြရာ-

ခင်စိန်ကြည်သည် ဆပ်ကပ်ပွဲသို့သွားရန် ဝတ်စားဆင်ယင်လျက် အိမ်ပေါ်မှ ဆင်းလာလေ၏။ မောင်ထွန်းမြတ်သည် ခပ်စောစော၌ ကပိုကရိုနေထိုင်သည့်ရုပ်ကို မြင်ရရုံမျှနှင့် ချောလှပြီဟုမှတ်ထင်၍ နေသည့်အတွင်း ယခုတစ်ဖန် ပွဲသွားရန် ဆင်ယင်ဝတ်စား၍လာသည့် ခင်စိန်ကြည်ကိုမြင်လျှင် ဣန္ဒြေကို အနိုင်နိုင်ဆည်၍ နေရလေ၏။

ခင်စိန်ကြည်လည်း ဝင်းဝင်းပြောင်ပြောင် တောက်ပသောအဝတ်အစားတို့နှင့် ဖခင်အနီးစားပွဲသို့လာ၍ထိုင်ရာ မောင်ထွန်းမြတ်နှင့် မျက်နှာချင်းဆိုင်ကျနေသဖြင့် ရွှေရောင်၊ စိန်ရောင်တို့သည် ဓာတ်မီးရောင်ဟပ်သဖြင့် အရောင်ပြန့်ပြီးလျှင် ကြည်လင်နုဝါသော ခင်စိန်ကြည်၏အသားသည် သာ၍ပင် ကြည်လင်လှပလေသည်ဟု မောင်ထွန်းမြတ်၏စိတ်တွင် အောက်မေ့မိလေ၏။

စစ်ကဲကြီးလည်း ဘိလပ်သားအရာရှိကြီးတို့ကဲ့သို့ နေထိုင်စားသောက်သည်ဖြစ်၍ မောင်ထွန်းမြတ်အား ကောင်းမွန်လှစွာသော စားဖွယ်သောက်ဖွယ်တို့ကို ကျွေးမွေးရာ မောင်ထွန်းမြတ်သည် ရူပါရုံ၌ မနောဓာတ်ငြိတွယ်လျက်နေသည်ဖြစ်သောကြောင့် ဇိဝှာရုံအရသာကို မခံစားနိုင်ဘဲရှိရကား စားဖွယ်အမျိုးမျိုးတို့၏ အရသာကို ချိုသည်၊ ချဉ်သည်ဟု မပြောနိုင်လောက်အောင်ပင်ရှိပေ၏။ ဤသို့ပင်ရှိသော်လည်း မောင်ထွန်းမြတ်မှာ လူကြီးလူကောင်းတို့နှင့် အစဉ်မပျက် ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့သည်ဖြစ်၍ လူမှုရေးကို ကောင်းမွန်စွာ နားလည်ပြီးဖြစ်သောကြောင့် အစိမ်းသက်သက်ဖြစ်သည်ဟု မမှတ်ထင်သင့်ချေ။

ထို့ပြင် အသက်ပင်ငယ်သော်လည်း ဂုဏ်သရေရှိ လူကြီးလူကောင်းသားတစ်ယောက်ဖြစ်သည့်အပြင် တည်တံ့သော သမာဓိ၊ စူးရှသောဉာဏ်ပညာအရည်အချင်းနှင့် ပြည့်စုံသည့်အလျောက် ဒုတိယတန်းရှေ့နေပင်ဖြစ်သော်လည်း ဘိလပ်ပြန်ဝတ်လုံများလောက်မျှမက အမှုကြီး၊ အမှုကောင်းများစွာ လိုက်လံရသည်ဖြစ်သောကြောင့် ကြေးငွေအမြောက်အမြားပင် စုဆောင်းမိရကား မန္တလေးမြို့ရှိ အရာရှိ၊ အရာခံ ဂုဏ်ထူးရှိ၊ ပွဲစားကြီး၊ ကုန်သည်ကြီးသားသမီးတို့သည် မောင်ထွန်းမြတ်နှင့် အကျွမ်းတဝင်ပေါင်းသင်းဆက်ဆံလေ့ရှိကြသဖြင့် မောင်ထွန်းမြတ်သည် မိန်းမချော မိန်းမလှတို့နှင့် ယဉ်ပါးပြီးဖြစ်လေသည်။

ဤသို့ဆိုရာ၌ မောင်ထွန်းမြတ်သည် သားပျို၊ သမီးပျိုတို့ကို နှမချင်းမစာနာဘဲ ဖျက်လိုဖျက်ဆီးကြံစည်ခဲ့သည်ဟူ၍ မယူသင့်ပေ။ တည်ကြည်သောသမာဓိနှင့် ပြည့်စုံသဖြင့် ဆိုခဲ့သည့်အတိုင်း အဆွေခင်ပွန်းကဲ့သို့လည်းကောင်း၊ မောင်နမကဲ့သို့လည်းကောင်းသာလျှင် အောက်မေ့၍ ပေါင်းသင်းဆက်ဆံသည်ဟု ယူဆသင့်ပေသည်။ သို့ရာတွင် ၎င်းနှင့်ပေါင်းသင်းသူ မိန်းကလေးသူငယ်ချင်းတို့၏စိတ်၌ကား မည်သို့အောက်မေ့သည်ဟု အာမမခံဝံ့ကုန်။

၇ နာရီခွဲခန့်ရှိ၍ ထမင်းစားသောက်ပြီးလျှင် စစ်ကဲကြီးသည် ပက်လက်ကုလားထိုင်ပေါ်သို့ ရွှေ့ထိုင်၍ အဖိုးထိုက်တန်သောဆေးဘူးမှ မွှေးကြိုင်လှစွာသောဆေးနှင့် ရေမြှုပ်ဆေးတံကိုသောက်လျက် စဉ်းစားစိတ်ကူး၍နေစဉ် မောင်ထွန်းမြတ်လည်း ခင်စိန်ကြည်နှင့်မိမိတို့ ငယ်စဉ်အခါ ရွှေဘို၌နေထိုင်ကြသည့် အဖြစ်အပျက်တို့ကို ပြောဆိုရယ်မော၍နေကြလေ၏။ ၈ နာရီထိုးချိန်နီးလျှင် စစ်ကဲကြီးသည် ကုလားထိုင်ပေါ်မှထ၍ ဥပဒေအကြောင်းကို စကားတစ်ခွန်း စတင်မေးလိုက်လျှင် ခင်စိန်ကြည်သည် မိမိနားမလည်သည့် စကားဖြစ်၍ ကုလားထိုင်မှထပြီးလျှင် မောင်ထွန်းမြတ်အား 'နောင်ကို တွေ့ဆုံရလိမ့်မည်ဟု မျှော်လင့်ပါကြောင်း' စသည်ဖြင့် နှုတ်ဆက်စကားပြောဆိုပြီး အိမ်ပေါ်သို့တက်သွားလေ၏။

အချိန်အနည်းငယ်ကျန်သေးသည့်အပြင် အဝတ်အစားလည်း လဲလှယ်ပြီးဖြစ်သောကြောင့် ကိုယ်လုံးပေါ်မှန်တွင် မိမိ၏အရိပ်ကို တစ်ချက်စောင်း၍ကြည့်ပြီးမှ အိမ်အောက်သို့ဆင်း၍ စန္ဒရားကို လက်ဖြင့် ဖြည်းညင်းစွာနှိပ်ပြီးလျှင် ဘောလယ်တစ်ပုဒ်ကို ခပ်တိုးတိုး လေအေးနှင့်ဆိုလိုက်ရာ မောင်ထွန်းမြတ်နှင့် စစ်ကဲကြီးတို့ စကားပြောနေသည့်အခန်းနှင့် နံရံတစ်ချပ်သာခြားသဖြင့် မောင်ထွန်းမြတ်သည် စကားစကိုသတ်၍ သီချင်းသံနှင့်စန္ဒရားသံကို နားစိုက်၍ ထောင်မိလျှင် အရုပ်အရည်နှင့်လိုက်အောင် အသံလည်း သာယာပါပေသည်ဟု စိတ်၌ချီးမွမ်းမိလေ၏။

ထိုအခါ စစ်ကဲကြီးက "သားသမီးကလည်း တစ်ယောက်တည်းရှိပြန်၊ မိတဆိုးကလေးလည်းဖြစ်ပြန်တော့ တယ်ပြီးအလိုလိုက်ရတာကပဲ၊ အင်္ဂလိပ်ကျောင်း ခုနစ်တန်းအောင်ပြီးလာရင်ပဲ စန္ဒရားတီးချင်တယ်ဆိုလို့ စန္ဒရားတစ်ခု ချက်ချင်းသွားဝယ်ပြီး အိမ်မှာအတီးသင်ရတာ လေး၊ ငါးလလောက်ပဲရှိသေး၊ သူ့အမေအနှယ်ပါလာလို့ထင်ပါရဲ့ တယ်ပြီးအဆိုအတီးဝါသနာလည်းပါ၊ တတ်လည်းတတ်လွယ်ရှာတယ်"

"စကားစပ်မိလို့ ပြောရဦးမယ်၊ ခင်တို့အမေက ကချေသည်ကလေးပေါ့၊ ဦးကလည်း ကျောင်းသားအရွယ်၊ ဟိုက်စကူးမှာနေတုန်း ချစ်ကြိုက်ကြတော့ ဦးအမိအဖများက သဘောမတူရှာကြဘူး၊ ဒီတော့ ဦးကလည်း သူ့မရ မနေဘူးဆိုပြီး ထွက်ပြေးကြရော၊ ထွက်ပြေးပြီး ပဲခူးအရေးပိုင်ရုံးမှာ စာရေးအလုပ်ကလေးနဲ့ ၁၀ နှစ်လောက်လုပ်နေတော့ ခင့်မေမေလည်း ခင့်မျက်နှာမြင်ရော၊ မျက်နှာမြင်ပြီး မီးတွင်းက မထွက်ခင်ဘဲ ခမျာအနိစ္စရောက်ရှာတယ်တူရယ်" ဟုပြောရင်း စစ်ကဲကြီးသည် မျက်ရည်မဆည်နိုင်သဖြင့် လက်ကိုင်ပဝါနှင့်သုတ်လျက် "ခင့်မေမေသေဆုံးလို့ ကိစ္စပြီးတဲ့နေ့မှာပဲ ရန်ကုန်က အမေရော အဖေရော တစ်နေ့တည်းသေရှာကြတဲ့အကြောင်း ကြေးနန်းရပြန်ရော၊ ဒီတုန်းကများဖြင့် လူ့ပြည်မှာ နေနိုင်မယ်တောင်မထင်ဘူး တူရယ်၊ ဟောဒီသမီးကလေးရှိသေးလို့သာ ကိုယ့်ကိုယ်ကိုယ် တစ်စုံတစ်ရာ အဆုံးမကြံမိတာကလား"

"ရန်ကုန်ရောက်ပြန်တော့ သားတစ်ယောက်တည်းမို့ မိဘအမွေအနှစ်တော်တော်များများပဲရပြီး အစိုးရအလုပ်ကို မလုပ်ပါဘူးလို့ ခွင့်ခံပြီးနေပြန်ပါလည်း ခင့်မေမေစိတ်နဲ့ နေ့ရောညရောဖြစ်နေပြန်တော့ အလုပ်မလုပ်ဘဲနေလို့ ဟန်မရချေဘူးလို့ လခကိုလိုချင်လို့မဟုတ်ပါဘူး၊ စိတ်ပြေလက်ပြေရှိစေတော့လို့ အလုပ်ပြန်ဝင်ပြီး တစ်နှစ်လောက်ကြာတော့ မြို့အုပ်ရာထူးကို ချီးမြှင့်ခံရပေတယ်"

"ဒီတော့ မြို့အုပ်လခကလေးနဲ့တိုက်ခ၊ မြေခရတာကလေးနဲ့ မလောက်တလောက် သုံးစွဲပြီးလာခဲ့၊ ယခုဖြင့် တိုက်ကလေးလေး၊ ငါးလုံးနဲ့ ဥယျာဉ်ကလေးများလည်း ကုန်တဲ့အပြင် အကြွေးတွေဝိုင်းပြီး ဒီသမီးကလေးအတွက် ဒီအိမ်ကလေးတစ်လုံး ရယ်လို့ ကုတ်ကုတ်ကတ်ကတ်ချန်ထား၊ ယခုဖြင့် ဒီအိမ်ကလေးတောင် မကျန်ပေဘူး" ဟု တစ်ယောက်တည်း စိတ်ကူးနေဘိသကဲ့သို့ ခပ်တိုးတိုးပြော၍နေစဉ်-

ဝင်းပေါက်မှ မော်တော်ကားတစ်စီးဝင်လာ၍ "ခင်စိန်ကြည်" ဟု ဗိုလ်မတစ်ယောက်၏အသံဖြင့် ခေါ်လိုက်လျှင် ခင်စိန်ကြည်သည် စန္ဒရားတီးရာမှထ၍ "ဖေဖေ ဘုရား၊ ခင်သွားဦးမယ်၊ ဖေဖေမအိပ်နှင့်ပါနဲ့ဦး၊ ခင်ပြန်လာတော့ အကုန်ပြောပြပါရစေဦး" ဟု ဖခင်ကိုနှုတ်ဆက်၍ မောင်ထွန်းမြတ်ကိုလည်း ရွှင်ပြုံးသောမျက်နှာဖြင့် နှုတ်ဆက်လေလျှင် စစ်ကဲကြီးနှင့် မောင်ထွန်းမြတ်တို့လည်း မစ္စက်ဘရောင်း၏မော်တော်ကားပေါ်သို့ လိုက်ပို့ကြကုန်၏။

၎င်းတို့ထွက်ကြပြီးနောက် အိမ်ရှေ့တွင် ခေတ္တလမ်းလျှောက်ရင်း စကားအနည်းငယ်ပြောဆိုကြပြီးလျှင် မောင်ထွန်းမြတ်လည်း ၉ နာရီထိုးလုနီးပြီဖြစ်၍ မိမိနေအိမ်သို့ ပြန်သွားလေ၏။

■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၅

ရောဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင်လ ၄ ရက်က အမှတ် (၄) ရပ်ကွက် အောင်ဇေယျလမ်းရှိ မြို့နယ်အားကစားပြိုင်ပွဲရုံသစ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ရပ်ကွက်အသင်းနှင့် လူငယ်အသင်းများမှ အသင်းပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး (၉) ရပ်ကွက်အသင်းက ပထမဆု၊ (၆) ရပ်ကွက်အသင်းက ဒုတိယဆု၊ အောင်ချမ်းသာအသင်းက တတိယဆု၊ (၈) ရပ်ကွက်အသင်းက စတုတ္ထဆုနှင့် မျိုးဆက်သစ်လူငယ်အသင်းက အထူးဆုတို့ အသီးသီးဆွတ်ခူးရရှိကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ပထမဆုရရှိသည့်အသင်းအား ဆုဖလားနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီးနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်က ဒုတိယဆုနှင့် ကျန်ရှိသည့်ဆုများကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။**ရဲကိုမောင်(ပြန်/ဆက်)**

## ပြည်မြို့၌ ရောဝတီမြစ်အတွင်း ရေပြင်အသက်ကယ်သရုပ်ပြခြင်း ဇာတ်တိုက်လေ့ကျင့်

ပြည် ဇူလိုင် ၅

ရောဝတီမြစ်အတွင်း ရေပြင်အသက်ကယ်သရုပ်ပြခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင်လ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရောဝတီမြစ် ဗောတံတားအနီး၌ ဆောင်ရွက်သည်။



အခမ်းအနားတွင် ပြည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသတွင်း ရေနစ်သူကယ်ဆယ်ရေးအဖွဲ့များနှင့် ဆံတော်အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ မြစ်ရေကြီးမှုကြိုတင်သတိပေးကြေညာခြင်း လုပ်ငန်းစဉ်များနှင့် ရေပြင်အသက်ကယ်သရုပ်ပြခြင်း လုပ်ငန်းများကို အပိုင်းလိုက် ဇာတ်တိုက်လေ့ကျင့်ကြသည်။

ထို့နောက် ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်ကူညီကြသည့် အဖွဲ့အစည်းများကို ဂုဏ်ပြုချီးမြှင့်ခြင်းများ ဆောင်ရွက်သည်။ ယခုကဲ့သို့ ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်နှင့် ရေဘေးအန္တရာယ်များ ရုတ်တရက်တွေ့ကြုံလာပါက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် အချိန်နှင့်တစ်ပြေးညီပူးပေါင်းကာ ထိရောက်စွာ ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။**ဝဏ္ဏထွန်း(ပြန်/ဆက်)**

★ **ရှေ့ဖုံးမှအဆက်**

မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ လွန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူး H. E. Mr.



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တော်ဝင်နန်းတော်ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်း အများပြည်သူဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား လှူဒါန်းစဉ်။

Bounleuam MANIVONG နှင့်ဇနီးနှင့် တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ကော်ဇောနီ၏ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများဝှေ့ယမ်းပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ကို လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်းရှိလာအိုရှေးဟောင်း "ဖဘန်" ဘုရားကို ဖူးမြော်ကြည်ညို၍ ဆီမီးနှင့်ပန်းများကပ်လှူပူဇော်ပြီး ရွှေကြာသကၤန်းနှင့် အများပြည်သူဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီးတည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်အားလှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ၎င်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဘုရားကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများကရှင်းလင်းတင်ပြကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ သမ္မတရုံးဝန်ကြီး မစ္စစ် ဖွန်းစမွတ် အန်လာဝန်နှင့်တာဝန်ရှိသူများက ဗီယင်ကျန်းမြို့၊ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လှိုက်လှဲနွေးထွေးစွာဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါ "ဖဘန်" ဘုရားသည် နန်းတော်ပြတိုက်၏ ဝင်ပေါက်ညာဘက်တွင်ရှိပြီး ၁ ရာစုက သီရိလင်္ကာနိုင်ငံတွင် သွန်းလောင်းခဲ့ပြီး ၁၃၅၉ ခုနှစ်တွင် ခမာဘုရင်က ၎င်း၏သမက် လာအိုဘုရင် Fa Ngum အားလက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းတော်ကို ၁၉၆၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ပြည်တွင်းစစ်ကြောင့် ၁၉၉၀ ပြည့်နှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများပြန်လည်စတင်ခဲ့ပြီး၂၀၀၆ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တော်ဝင်နန်းတော်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးလာအိုဘုရင်များအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တော်ဝင်နန်းတော်ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ တော်ဝင်နန်းတော်ပြတိုက်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ တော်ဝင်နန်းတော်ပြတိုက်သည် မဲခေါင်မြစ်ကမ်းပါးပေါ်တွင် တည်ရှိပြီး နိုင်ငံ၏ အမြင့်မြတ်ဆုံးနေရာအဖြစ် ထိန်းသိမ်းထားရှိကြောင်း၊ ယခင်က ကျွန်းသစ်များဖြင့်သာ ဆောက်လုပ်ထားခဲ့ခြင်းဖြစ်ပြီး ပြန်လည်ပြုပြင်သည့်အခါတွင် ပြင်သစ် Beaux လက်ရာများနှင့် လာအိုဗိသုကာပုံစံတို့ကိုရောနှော၍ အုတ်ကိုအစားထိုးကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၆ သို့** ★



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများဝှေ့ယမ်းပြီး လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနှင့်ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှအဆင့်မြင့်အရာရှိကြီးများနှင့်တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

◆ ကျောဖုံးမှအဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှတာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ လာအိုအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံဆွေးနွေးခြင်းနှင့် လွှန်ပရာဘန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေးခြင်းများဆောင်ရွက်ခြင်း၊ လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းသို့ သွားရောက်လေ့လာခြင်းနှင့် လာအိုနိုင်ငံရှိ သမိုင်းဝင်ဘုရားပုထိုးစေတီကျောင်းများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြည့်ရှုခြင်းများဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

☆ စာမျက်နှာ ၅ မှအဆက်

၁၉၇၅ ခုနှစ်တွင် လာအိုတို့အာဏာရရှိလာခဲ့ချိန်တွင် ဘုရင်စနစ်အားဖျက်သိမ်းခဲ့ပြီးနောက် တော်ဝင်မိသားစုတို့သည် အဆိုပါနန်းတော်မှ ထွက်ခွာခဲ့ရပြီး ယခုကဲ့သို့ အမျိုးသားပြတိုက်အဖြစ်ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ယူနက်စကို (UNESCO) အဖွဲ့ကြီးက လွှန်ပရာဘန်မြို့တစ်ခုလုံးကို ကမ္ဘာ့အမွေအနှစ်မြို့အဖြစ် တရားဝင်သတ်မှတ်ခဲ့ရာတွင် ယခုဘုရင့်နန်းတော်ပြတိုက်သည် မြို့၏သမိုင်းဝင်အမွေအနှစ်ဗဟိုချက် (Core Zone) အဖြစ် အဓိကဂုဏ်ပြုသတ်မှတ်ခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း၊ ပြင်သစ်ကိုလိုနီခေတ်ဗိသုကာလက်ရာနှင့် လာအိုရိုးရာအနုပညာတို့ ထူးခြားပြောင်မြောက်စွာ ပေါင်းစပ်တည်ဆောက်ထားမှုကြောင့် အဆိုပါဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဝပ်စီယမ်သုန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆီမီး၊ ပန်းနှင့် ရွှေကြာသင်္ကန်းကိုကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဝပ်စီယမ်သုန်ဘုရားကျောင်းအတွင်း အများပြည်သူဖူးမြော်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး တည်ဆောက်ခဲ့မှု သမိုင်းမှတ်တမ်းစာအုပ်အား လှူဒါန်းသည်။

၎င်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဘုရားကျောင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များအား လိုက်လံဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဝပ်စီယမ်သုန်ဘုရားကို ၁၆ ရာစုနှစ်အတွင်း ဘုရင် Saya Setthathirath လက်ထက်တွင်တည်ဆောက်ခဲ့ပြီး ၁၅၆၀ ပြည့်နှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့ကြောင်း၊ အဆိုပါဘုရားကျောင်းသည် လာအိုနိုင်ငံ၏ ရိုးရာလက်ရာများနှင့် ဗိသုကာလက်ရာများအနက် စိတ်ဝင်စားစရာကောင်းသည့် ဘုရားကျောင်းတစ်ခုလည်းဖြစ်ပြီး မှန်စီရွှေချ ဘဝသစ်ပင်ပန်းချီကားနှင့် သိမ်တော်အဆောက်အအုံ၏ခေါင်မိုးဗိသုကာလက်ရာများမှာထင်ရှားကြောင်း၊ လွှန်ပရာဘန်ပြည်နယ်သို့ရောက်ရှိခဲ့ပါကဝပ်စီယမ်သုန်ဘုရားကျောင်းသို့သွားရောက်ဖူးမြော်ပါက ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာအောင်မြင်မှုများရရှိသည်ဟု ယုံကြည်သက်ဝင်ကြကြောင်း၊ ရွှေဖြင့်အနုစိတ်စီကာထားသည့် မျက်နှာစာ၊ မှန်စီရွှေချရွှေရောင်စုံပန်းချီကားများကြောင့် အာရှတိုက်တွင် အလှပဆုံးဘုရားကျောင်းတစ်ကျောင်းအဖြစ် ကမ္ဘာလှည့်ခရီးသွား အများအပြားလာရောက်လည်ပတ်လေ့ရှိကြောင်းသတင်းရရှိသည်။

မြဝတီ

## သဲကုန်းမြို့နယ်၌ ရုပ်ပုံစာအုပ်ဖြင့် ပုံပြင်ပြောနည်းသင်တန်းဖွင့်

သဲကုန်း ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဇူလိုင်လ ၄ ရက်က ရုပ်ပုံစာအုပ်ဖြင့် ပုံပြင်ပြောနည်းသင်တန်း ဖွင့်လှစ်သည်။

ယင်းသင်တန်းတွင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ပုံပြင်ဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာဖတ်စွမ်းရည်တိုးတက်လာစေရန်၊ ရုပ်ပုံပါပုံပြင်စာအုပ်များကိုဖတ်ရှုပြီး ရုပ်ပုံများကို ပုံတူပန်းချီရေးဆွဲတတ်စေရန်၊ ပုံပြင်နားထောင်ခြင်းဖြင့် နားထောင်မှုစွမ်းရည်တိုးတက်လာပြီး တခြားသူများကို ပြန်လည်ပြောပြနိုင်သည့်အလေ့အထ ရရှိစေရန်၊ ပုံပြင်စာအုပ်များကိုဖတ်ရှုပြီး ကောင်းမွန်သည့်အကြောင်းအရာများကို အတုယူတတ်စေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူနှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နော်ဌေးဌေးမြင့်တို့က သင်တန်းနည်းပြများအဖြစ် ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးကို လက်တွေ့လေ့ကျင့်သရုပ်ပြ၍ သင်ကြားပို့ချပေးကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

## ဆင်ပေါင်ဝဲမြို့နယ် ဆင်ပေါင်ဝဲ - လွန်ချီ - ညံတောအင်း- မိချောင်းရဲလမ်းပေါ်၌ ရေကျော်တံတားတည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဆင်ပေါင်ဝဲ ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ဆင်ပေါင်ဝဲ - လွန်ချီ - ညံတောအင်း- မိချောင်းရဲလမ်းပေါ်၌ ရေကျော်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းပေါ်၌ ရေကျော်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။ အဆိုပါ ဆင်ပေါင်ဝဲ - လွန်ချီ - ညံတောအင်း- မိချောင်းရဲလမ်းပေါ်တွင် အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မရှိ ရေကျော်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဧပြီလ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေကာ ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

နော်လူး

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းနှင့် နှံစားပြောင်းဧက ၂၃၀၀ ကျော်စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းနှင့် နှံစားပြောင်း ဧက ၂၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၁၆ ဧကနှင့် နှံစားပြောင်း ၁၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဖူးစားပြောင်း ၂၂၅၁ ဧကနှင့် နှံစားပြောင်း ၅၂ ဧက စုစုပေါင်း ၂၃၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း ၂၃၁၆ ဧကနဲ့ နှံစားပြောင်း ၁၆၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေကို စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့၊ မျိုးကောင်း မျိုးသန့်တွေစိုက်ပျိုးကြဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးကြဖို့ အသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင်ဖူးစားပြောင်းနှင့်နှံစားပြောင်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အထွက်နှုန်းတိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင်ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ပို့ချပေးခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

တောင်သူများအနေဖြင့် ဖူးစားပြောင်းနှင့် နှံစားပြောင်းအပါအဝင် ရာသီအလိုက်သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်းသိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၅

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် မြန္မာလမ်း၏ မြောက်ဘက်ခြမ်း မြေနေရာတွင်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်း၊ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် ပိတောက်၊ ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ ငု၊ ပျဉ်းမ စသည့် ပန်းအလှပင်စုစုပေါင်း ၃၂၈ ပင် စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ထားဝယ်မြို့၌ မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကျင်းပ



ထားဝယ် ဇူလိုင် ၅

တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ကြီးမှူး၍ တိုင်းဒေသကြီး မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ကမြောကင်းတံတားအနီး ထားဝယ်မြစ်အတွင်းကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု၊ မုန်တိုင်းဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အချိန်နှင့် တစ်ပြေးညီ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းအဖွဲ့များက ပြည်သူများအား နှိုးဆော်သတိပေးခြင်း၊ ဘေးအန္တရာယ်ကင်းလွတ်ရာ နေရာသို့ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသုံးပြု၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း စသည်တို့ကို အချိန်တိုအတွင်း အလျင်အမြန် ဆောင်ရွက်နိုင်ရန် ဇာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြု



ရန်ကုန် ဇူလိုင် ၅

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုဂုဏ်ပြုမိတ်ဆက် အမှာစကားပြောကြားပြီး အားကစားသမားများနှင့် အုပ်ချုပ်သူ/ နည်းပြများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင်လ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမား ၁၀၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## ၅-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ** (၆,၉၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ဖလမ်းမြို့ စည်ပင်သာယာဈေးနှင့် ဆူရ်ဘုန်လေဆိပ်သို့ ဒုတိယဝန်ကြီး ဦးမျိုးမြင့် သွားရောက်ကြည့်ရှု



နေပြည်တော် ဇူလိုင် ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ ဇူလိုင်လ ၃ ရက်က ဖလမ်းမြို့နယ် စည်ပင်သာယာဈေး၌ ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို သွားရောက်ကြည့်ရှုပြီး ဈေးပတ်ဝန်းကျင်နှင့်ဈေးအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များ ဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဖလမ်းမြို့သို့ ပြန်လည်ဝင်ရောက်လာသူများ စိစစ်လက်ခံမှု အခြေအနေကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဖလမ်း-ရိဒ် လမ်းပိုင်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများကို ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ရန်၊ မိုးရာသီတွင် လမ်း၊ တံတားများပေါ်တွင် ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်၊ မိုးတွင်းတွင် တောင်ပြို၍ လမ်းပြတ်တောက်မှုများ မရှိစေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြိုတင်စုဖွဲ့၍ စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဆူရ်ဘုန်လေဆိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလေဆိပ်သည် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၆၀၀၀ တွင်တည်ရှိပြီး လေယာဉ်ပြေးလမ်းအရှည် ပေ ၆၀၀၀ ရှိသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၆ ရက်တွင် BEECH လေယာဉ်ဖြင့် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၇ ရက်တွင် ATR-72-600 လေယာဉ်ဖြင့်လည်းကောင်း အောင်မြင်စွာစမ်းသပ်ဆင်းသက်နိုင်ခဲ့သည်။ ယခုလက်ရှိအခြေအနေတွင် လေယာဉ်ပြေးလမ်း၏ မျက်နှာပြင်အခြေအနေသည် ကောင်းမွန်လျက်ရှိသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများကြောင့် လေယာဉ်ပြေးလမ်းပေါ်ရှိ မီးများ၊ လေကြောင်းလုံခြုံရေးဆိုင်ရာစက်ပစ္စည်းများ၊ လေကြောင်းဆက်သွယ်ရေးဆိုင်ရာစက်ပစ္စည်းများ၊ လေကြောင်းလမ်းညွှန်ဆိုင်ရာ စက်ပစ္စည်းများမှာ ပျက်စီးလျက်ရှိပြီး လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်အဆောက်အအုံ၊ မီးသတ်အဆောက်အအုံ၊ DVOR အဆောက်အအုံတို့မှာလည်း တစ်စိတ်တစ်ပိုင်းပျက်စီးလျက်ရှိသည်။

အဆိုပါဆူရ်ဘုန်လေဆိပ်ပြန်လည်ဖွင့်လှစ်နိုင်ပါက ချင်းပြည်နယ်ဖွံ့ဖြိုးရေးအတွက် သွားလာရေးအဆင်ပြေနိုင်မည့်အပြင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ဂုဏ်ပြုဆောင်းပါး

# တက်ကြွ၍သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး

ခန့်ဇော်(ကျေးလက်)




ပြည်ထောင်စုလွှတ်တော် ကတိသစ္စာပြုပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက **"ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝမြှင့်တင်ရေးဟာ ကျွန်တော်တို့အတွက် အဓိကကျတဲ့ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေအပေါ် အဓိကမှီခိုနေရတာဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြတာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ ဘဝမြှင့်တင်ဖို့နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီမံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ထိရောက်တဲ့ ရေရှည်စီမံကိန်းတွေရေးဆွဲပြီး ဈေးကွက်စီးပွားရေးကို ဆက်လက်ကျင့်သုံးခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံးရဲ့အသက်မွေးဝမ်းကျောင်းမှုကိုမြှင့်တင်ဖို့နဲ့ လူမှုစီးပွားဘဝမြှင့်တင်နိုင်ဖို့အတွက် ကြိုးစားလုပ်ဆောင်သွားမှာဖြစ်ပါတယ်"** ဟု ထည့်သွင်းပြောကြားခဲ့ပါတယ်။ မြေပြင်အခြေအနေနဲ့ အင်မတန်ကိုက်ညီမှုရှိတဲ့ လမ်းညွှန်မှာကြားချက်ဖြစ်ပါတယ်။

၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့မှာကျရောက်တဲ့ "ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့" ရဲ့ ဆောင်ပုဒ်ကလည်း "တက်ကြွ၍ သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်းဖော်ဆောင်ရေး" ဖြစ်ပြီး အမှန်တကယ်လိုက်နာဖော်ဆောင်သင့်ပါတယ်။ ဘာတွေကို လိုက်နာဆောင်ရွက်သင့်သလဲဆိုရင်ဖြင့် အခြေခံအကျဆုံးလိုအပ်ချက်များဖြစ်သော-

(၁) ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး၊
(၂) စားနပ်ရိက္ခာဖူလုံမှုမြှင့်တင်ရေး၊
(၃) စိုက်ပျိုးရေးနှင့်ကျေးလက်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊
(၄) အခြေခံအဆောက်အအုံများ (လမ်း၊ ရေ၊ လျှပ်စစ်၊ အင်တာနက်) တိုးတက်စေရေးနှင့်
(၅) ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးတို့ကို အဓိကဦးစားပေး ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးရဲ့ဦးတည်ရာ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတာ ကျေးလက်ဒေသနေပြည်သူများရဲ့ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ရရှိရေး၊ လူမှုဘဝအဆင့်မြှင့်တင်ပေးနိုင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်သောလုပ်ငန်းစဉ်များဖြစ်ပါတယ်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေးရဲ့အရေးပါမှုများ**

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာမယ့်ရလဒ်တွေရဲ့ အရေးပါမှုကတော့-

(၁) ဆင်းရဲမှု (ဆင်းရဲမှုနှုန်း)ကို လျှော့ချနိုင်မယ်၊
(၂) မြို့ပြကို အလုပ်ရှာဖို့အတွက် ကျေးလက်ကနေ မြို့ပြသို့ ပြောင်းရွှေ့အလုပ်အကိုင်ရှာဖွေမှုနှုန်းကို လျှော့ချပေးနိုင်မယ်၊
(၃) ကျေးလက်ဖွံ့ဖြိုးရေးလုပ်ခြင်းအားဖြင့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များမှ တစ်ဆင့် ကုန်ထုတ်လုပ်မှုကိုတိုးတက်စေမယ်၊
(၄) အခြေခံနိုင်ငံ့စီးပွားရေးကို တည်ငြိမ်စေနိုင်မယ် စတာတွေပဲဖြစ်ပါတယ်။

**မြန်မာ့ကျေးလက်ဒေသရဲ့ လက်ရှိအခြေအနေ**

မြန်မာ့ကျေးလက်ဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အစဉ်အဆက် တစိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့တာဖြစ်ပေမယ့် ကျေးရွာအဆင့်၊ တောင်သူလယ်သမားအဆင့်အထိ ဆောင်ရွက်ပေးရတာဖြစ်လို့ အောက်ဖော်ပြပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးရပါမည်-

(၁) ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်၊
(၂) သန့်ရှင်းသောသောက်ရေနှင့်လုံလောက်သောသုံးရေရရှိရန် (၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသသောက်သုံးရေရရှိမှုနှုန်း ၈၄ ဒသမ ၅ ရာခိုင်နှုန်း)၊
(၃) လျှပ်စစ်မီးရရှိရန်(၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ကျေးလက်ဒေသလျှပ်စစ်မီးရရှိမှုနှုန်း ၅၁ ဒသမ ၆ ရာခိုင်နှုန်း)၊
(၄) စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစု၊ မျိုးစသည်တို့ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်၊
(၅) ကျေးလက်စီးပွားရေးအတွက် အရင်းအနှီးရရှိရန်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးတဲ့နေရာမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှစ၍ ခေတ်အဆက်ဆက်ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတာ တစ်ကြိမ်တစ်ခါဆောင်ရွက်ပြီးရုံနဲ့ ပြီးပြတ်သွားတဲ့လုပ်ငန်းစဉ်မျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့အတွက် ယခင်ကဆောင်ရွက်ခဲ့သလို ယခုလည်း ဆက်လက်ဆောင်ရွက်နေရမှာဖြစ်ပြီး နောင်လည်း ဆက်လက်ဆောင်ရွက်နေကြရဦးမှာပဲဖြစ်ပါတယ်။ ခေတ်နဲ့ညီအောင် ပြောင်းလဲတိုးချဲ့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ဘက်စုံဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံ**

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျေးလက်ဖွံ့ဖြိုးရေးဟာ အရမ်းကျယ်ပြန့်တာဖြစ်တဲ့အတွက် ဘယ်လိုပူးပေါင်းဆောင်ရွက်ရမလဲဆိုတဲ့ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာဖြစ်သော "ထိရောက်သောပူးပေါင်းဆောင်ရွက်မှု" (Affective Cooperation) အလေးထားဆောင်ရွက်နေပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးဟာ ဌာနတစ်ခုတည်းမဟုတ်ဘဲ ဌာနများစွာလုပ်ကြရတာဖြစ်တဲ့အတွက် ဘယ်လိုပေါင်းစည်းပြီးတော့ ဘက်စုံဖွံ့ဖြိုးရေး (Integrated Development) လုပ်မလဲဆိုတာ အဓိကစဉ်းစားရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အုပ်ချုပ်ရေးအဖွဲ့များစသည်ဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအားလုံး ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပါတယ်။

ဘယ်လိုလုပ်ကြမလဲဆိုရင် စိုက်ပျိုးရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတွေ ချိတ်ဆက်ဖို့ဆိုပါစို့။ ဥပမာအားဖြင့် စက်မှုလယ်ယာဖော်မယ်ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိစက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ကြရပါမယ်။ ဒီအတိုင်းပါပဲ ငွေကြေးအရင်းအနှီးရရှိမှုဆိုရင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ မြစိမ်းရောင်ကျေးရွာစီမံကိန်းတွေ၊ သမအသင်းတွေ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒါမျိုးတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရသစ်လက်ထက်မှာ တောင်သူတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများကို တိုးမြှင့်သတ်မှတ်ပေးခဲ့သလို Agro-Based Industry တည်ဆောက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူလိုသည့်တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များကိုလည်း လယ်ယာသုံးစက်ကိရိယာချေးငွေများ ချထားပေးလျက်ရှိပါတယ်။

နည်းပညာရရှိမှုအတွက်ဆိုရင်လည်း စိုက်ပျိုးရေးဦးစီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ ဆန်စက်လုပ်ငန်းရှင်တွေ၊ သမဝါယမဦးစီးဌာန၊ သမဝါယမအသင်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစတဲ့ဌာနအဖွဲ့အစည်းတွေနဲ့ အကျိုးတူဆောင်ရွက်မယ့်လုပ်ငန်းရှင်တွေ၊ သက်ဆိုင်ရာအစိုးရအဖွဲ့တွေ ပေါင်းစပ်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

**ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အချက်များ**

ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးမှာ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်တွေ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စီးပွားရေးရာလုပ်ငန်းတွေ ပါဝင်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ MSME လုပ်ငန်းများ၊ လက်မှုလုပ်ငန်းများပါဝင်သလို ဈေးကွက်ရရှိရေးနဲ့ ဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းလည်းပါဝင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိမှ တစ်ဦးချင်းဝင်ငွေတိုးတက်မှာဖြစ်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်မှ စီးပွားရေး၊ လူမှုရေးရာတည်ငြိမ်မှုရရှိပြီး လူမှုစီးပွားဘဝမြင့်မားလာမှာဖြစ်ပါတယ်။ ဒါက တစ်ခုနဲ့တစ်ခု ချိတ်ဆက်သက်ရောက်နေတဲ့ ကွင်းဆက်ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးမှာ လူမှုစီးပွားဘဝမြင့်မားရေးဟာ အဓိကကျတဲ့ အခန်းကဏ္ဍကပါဝင်ပြီး လူမှုစီးပွားဘဝမြင့်မားရေးအတွက် အခြေခံလိုအပ်ချက်သည်လည်း စီးပွားရေးဖွံ့ဖြိုးမှုနဲ့ လူမှုဘဝဖွံ့ဖြိုးမှုဖြစ်ပြန်ပါတယ်။

**လူမှုရေးရာ ပညာ၊ ကျန်းမာကိစ္စရပ်များဖွံ့ဖြိုးရေး ဆောင်ရွက်ပေးခြင်း**

လူမှုစီးပွားဖွံ့ဖြိုးရေးဖြစ်တဲ့အတွက် လူမှုရေးနဲ့ဆိုင်တဲ့ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေလည်း ပါဝင်တာကြောင့် ပညာရေးအဆင့်မြှင့်တင်စေဖို့ ပညာရေးစနစ်ကောင်းမွန်အောင် စနစ်တကျပြုပြင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ **စာမျက်နှာ ၉ သို့** ➲

✿ **ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးရေးမှာ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်တွေ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စီးပွားရေးရာလုပ်ငန်းတွေ ပါဝင် . . .**

✿ **စီးပွားရေးလုပ်ငန်းတွေမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ MSME လုပ်ငန်းများ၊ လက်မှုလုပ်ငန်းများပါဝင်သလို ဈေးကွက်ရရှိရေးနဲ့ ဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းလည်းပါဝင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိမှ တစ်ဦးချင်းဝင်ငွေတိုးတက်မှာဖြစ်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်မှ စီးပွားရေး၊ လူမှုရေးရာတည်ငြိမ်မှုရရှိပြီး လူမှုစီးပွားဘဝမြင့်မားလာမှာဖြစ် . . .**

⊃ စာမျက်နှာ ၈ မှအဆက်

နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် KG+9 အထိ မသင်မနေရပညာရေးစနစ်အဖြစ် ပြောင်းလဲခဲ့ကြောင်းနှင့် မိမိတို့အစိုးရအဖွဲ့တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ၂၀၂၆ ခုနှစ်ဧပြီလ ၂၀ ရက်မှာပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာ နိုင်ငံတော်သမ္မတက လမ်းညွှန်မှာကြားထားပါတယ်။

ကျန်းမာရေးနဲ့ပတ်သက်ရင်လည်း ကျေးလက်ကျန်းမာရေးစင်တာတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံအဆောက်အအုံပြည့်စုံမှုရှိအောင်၊ လိုအပ်တဲ့ပစ္စည်းကိရိယာနဲ့ ဆေးဝါးတွေပြည့်စုံအောင်၊ ဆရာဝန်/ သူနာပြုအင်အားပြည့်စုံအောင်၊ လက်လှမ်းမီမှုရှိအောင် စီစဉ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လက်ရှိလည်း အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ချင်တာနဲ့ လုပ်နိုင်စွမ်းကို သဟဇာတဖြစ်အောင် စပ်ဟပ်ပေးရမှာဖြစ်ပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာဆက်သင်ဖို့ အခက်အခဲရှိတဲ့ လူငယ်လူရွယ်များကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စတဲ့အသက်မွေးဝမ်းကျောင်းဘာသာရပ်ဆိုင်ရာ အထက်တန်းကျောင်း၊ သင်တန်းကျောင်းတွေမှာ ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာမှသာ ကျေးလက်စီးပွားရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ကျေးလက်စီးပွားမြင့်မားရေးတွင် အသေးစားကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးဟာ အဓိကမောင်းနှင်အားဖြစ်ပြန်ပါတယ်။

**အသေးစားကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးရေး**

အသေးစားကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးအတွက် လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းတွေပေးရမှာဖြစ်သလို အသေးစားကုန်ထုတ်လုပ်မှုဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်မှုဆိုင်ရာ အသိပညာပေးသင်တန်းတွေလည်း ပေးနေပါတယ်။ အသိအမြင်ကျယ်ပြန့်လာမှ လုပ်နိုင်စွမ်းတွေ ပိုမြင့်မားလာမှာဖြစ်ပါတယ်။ ဒါကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေအတွက် နည်းပညာတွေပံ့ပိုးပေးရမှာဖြစ်သလို လိုအပ်တဲ့အရင်းအနှီးအတွက် ငွေကြေးအရင်းအနှီးမတည်ပေးနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်ပေးရန်လည်းလိုအပ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနဲ့ ဌာနဆိုင်ရာများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေပြီး ဌာနအချင်းချင်းပေါင်းစပ်ဆောင်ရွက်ခြင်းမှသည် သမဝါယမစနစ်ပီပြင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။

**✿ အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာဆက်သင်ဖို့ အခက်အခဲရှိတဲ့ လူငယ်လူရွယ်များကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး စတဲ့အသက်မွေးဝမ်းကျောင်းဘာသာရပ်ဆိုင်ရာ အထက်တန်းကျောင်း၊ သင်တန်းကျောင်းတွေမှာ ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးလာမှသာ ကျေးလက်စီးပွားရေးကို အရှိန်အဟုန်ဖြင့်မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ကျေးလက်စီးပွားမြင့်မားရေးတွင် အသေးစားကုန်ထုတ်လုပ်မှုဖွံ့ဖြိုးရေးဟာ အဓိကမောင်းနှင်အားဖြစ် . . .**

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး**

ပညာရေးနှင့် ကျန်းမာရေး ကောင်းမွန်လာခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဟာလည်း လူမှုစီးပွားဖွံ့ဖြိုးရေးမှာ အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ ကျေးလက်မှာနေတဲ့ တောင်သူတွေကို ခေတ်မီစိုက်ပျိုးမွေးမြူရေးနည်းပညာတွေသိအောင်၊ ကျေးလက်ဒေသက အသေးစားလုပ်ငန်းတွေအနေနဲ့ လိုအပ်တဲ့နည်းပညာတွေရရှိအောင်သင်ပေးတာ၊ အသိပညာပေးတာတွေ၊ အသက်မွေးဝမ်းကျောင်းသင်တန်းပေးတာတွေ လုပ်ပေးရပါမယ်။ စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းလုပ်ချင်ရင် စိုက်ပျိုးရေးပညာသင်ပေးရပြီး မွေးမြူရေးနဲ့အသက်မွေးဝမ်းကျောင်းလုပ်ချင်ရင် မွေးမြူရေးပညာသင်ပေးရပါတယ်။ အသက်မွေးဝမ်းကျောင်းလိုအပ်ချက်အပေါ်မူတည်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**ငွေကြေးအရင်းအနှီးရရှိရေးနှင့် စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း**

ကျေးလက်စီးပွားရေးမှာ ငွေကြေးအရင်းအနှီးရရှိဖို့ဟာ အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်တဲ့အတွက် Micro Finance လုပ်ငန်းတွေ၊ ဘဏ်တွေကနေ သက်သာတဲ့နှုန်းထားနဲ့ ချေးငွေရရှိဖို့လိုအပ်ပါတယ်။ လက်ရှိမှာ အစိုးရဘဏ်တွေကနေပြီးတော့ သက်သက်သာသာနှုန်းနဲ့ စိုက်ပျိုးစရိတ်ချေးငွေပေးတာရှိပါတယ်။ မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေစီမံကိန်းလို နိုင်ငံတော်စီမံကိန်းတွေ၊ သမဝါယမအသင်းများရဲ့ အစုအဖွဲ့စနစ်၊ သမဝါယမစနစ်တွေကနေပြီးတော့ ငွေကြေးအရင်းအနှီးထုတ်ချေးပေးတာတွေရှိပါတယ်။ သမဝါယမအသင်းတွေကနေ ငွေကြေးဝန်ဆောင်မှုတွေ၊ မျိုးနဲ့သွင်းအားစုဝန်ဆောင်မှုတွေရရှိအောင် လုပ်ဆောင်ပေးတာတွေရှိပါတယ်။ တိုးမြှင့်ဆောင်ရွက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။

ဒါ့အပြင် ပုဂ္ဂလိကဘဏ်တွေရော အစိုးရဘဏ်တွေကပါ Value Added တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်မယ့်လုပ်ငန်းတွေ၊ ကျေးလက်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ MSME လုပ်ငန်းတွေအတွက် သက်သာတဲ့အတိုးနှုန်းနဲ့ MSME ချေးငွေများထုတ်ချေးပေးလျက်ရှိပါတယ်၊ ကျေးလက်စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ ငွေကြေးအရင်းအနှီးရရှိမှသာ နည်းပညာသင်တန်းများမှ ရရှိလာတဲ့ ကျွမ်းကျင်မှုတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်မှာဖြစ်ပြီး ထုတ်လုပ်မှုတိုးတက်စေရေးကို အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ဒီလုပ်ငန်းစဉ်အားလုံးဟာ တစ်ခုနဲ့တစ်ခုချိတ်ဆက်နေပြီး အပြန်အလှန်အမှီသဟဲပြု ဆက်စပ်အကျိုးပြုနေကြတာဖြစ်တဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မဖြစ်မနေထည့်သွင်းစဉ်းစား ဆောင်ရွက်သွားကြရမယ့် လုပ်ငန်းများပဲဖြစ်ပါတယ်။

**ရှေ့ဆက်လက်ဆောင်ရွက်သွားကြမည်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဖော်ဆောင်ရာမှာ-

(က) စည်းလုံးညီညွတ်မှုရှိမှ အောင်မြင်မှုကတာရှည်ခံမှာဖြစ်ပြီး ငြိမ်းချမ်းမှုရှိမှ ဖွံ့ဖြိုးတိုးတက်မှုဆီ တက်လှမ်းနိုင်မှာဖြစ်လို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး (Peace) အတွက် အားလုံးတာဝန်သိစိတ်ဖြင့် ပါဝင်ဆောင်ရွက်ကြလျှင် ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ပါမည်၊

(ခ) ပြည်သူပူးပေါင်းပါဝင်မှုရှိမှသာ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကိုရရှိနိုင်မည်ဖြစ်သည့်အတွက် အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ၊ လူမှုရေးအဖွဲ့အစည်းများနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ပူးပေါင်းဆောင်ရွက်မှု (Partnership) မြှင့်တင်ပြီး ဆောင်ရွက်ကြပါမည်၊

(ဂ) အစုအဖွဲ့စနစ်ဖြစ်သောသမဝါယမစနစ်ကို အခြေခံ၍ ပုဂ္ဂလိကနဲ့တောင်သူ အကျိုးတူပူးပေါင်းပြီး တောင်သူများအတွက် မျိုးနှင့်သွင်းအားစုပံ့ပိုးပေးခြင်း၊ ခေတ်မီသိုလှောင်ထိန်းသိမ်းရေးစနစ်ထူထောင်ပေးခြင်းနဲ့ ဈေးကွက်သေချာမှုရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှု (Productivity) တိုးမြှင့်လာစေရေး ဆောင်ရွက်ကြပါမည်၊

(ဃ) အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးလာစေရန်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်စေရေး (Processing) ဆောင်ရွက်ကြပါမည်၊

(င) ကောင်းမွန်သောစီမံအုပ်ချုပ်မှု (Good Governance)ဖြစ်စေရေး၊ အကောင်အထည်ဖော်ဆောင်ရွက်သူ၊ ပူးပေါင်းပါဝင်ဆောင်ရွက်သူအားလုံး စွမ်းဆောင်ရည်ပြည့်ဝမှုရှိစေရေး၊ နည်းပညာဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများတွင် ဒစ်ဂျစ်တယ်နည်းပညာအခြေပြု ခေတ်မီနည်းစနစ်များ အသုံးချနိုင်စေရေး (Performance) ဆောင်ရွက်ကြပါမည်။

ဖွံ့ဖြိုးတိုးတက်မှုဆိုတာဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ စွမ်းဆောင်ရည်များဖြင့်သာ တည်ဆောက်ရခြင်းမဟုတ်ဘဲ သက်ဆိုင်သူအားလုံးရဲ့စိတ်ဆန္ဒသဘောထား၊ ခံယူချက်များနှင့်ပါပေါင်းစပ်ဖော်ဆောင်ရခြင်းဖြစ်ရာ ကျေးလက်နေပြည်သူများ၊ တောင်သူများအပါအဝင် ကျွန်တော်တို့အားလုံးဟာ အစုအဖွဲ့နဲ့စနစ်တကျပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကို မွေးမြူကြရပါမယ်။ တိုးတက်လိုစိတ်၊ ကြိုးစားလိုစိတ်ရှိပြီး စိတ်ဆန္ဒရှိတဲ့အတိုင်းဖြစ်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်တဲ့ ဇွဲသတ္တိ၊ လုံ့လနဲ့ ဝီရိယရှိရပါမယ်။ တာဝန်သိစိတ်ရှိဖို့၊ တာဝန်ကျေပွန်ဖို့ ကြိုးစားကြရပါမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်အခြေအနေအရ အားလုံးတက်ညီလက်ညီနဲ့ နှစ်ဆသုံးဆတိုးပြီး ကြိုးစားဆောင်ရွက်ကြမှ ပန်းတိုင်ရောက်မှာဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်ရာမှာ ဒေသအလိုက် ဖွံ့ဖြိုးလာမှုနဲ့အတူ ဆင်းရဲမှုလျှော့ချနိုင်ပြီး လူမှုစီးပွားဘဝများပါ တစ်ပါတည်းမြင့်မားလာစေရေးကို ဦးတည်ဆောင်ရွက်ကြရတာဖြစ်တဲ့အတွက် ဆောင်ရွက်ရတဲ့လုပ်ငန်းပမာဏအင်မတန် ကြီးမားကျယ်ပြန့်ပါတယ်။ ဒါကြောင့် ဌာနဆိုင်ရာအားလုံးနဲ့အတူ ကျေးလက်နေပြည်သူ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအပါအဝင် သက်ဆိုင်သူအားလုံး တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမှသာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးဆီ တက်လှမ်းရောက်ရှိနိုင်မည်ဖြစ်ပြီး တက်ကြွ၍သာယာဝပြောပြီး ပျော်ရွှင်ချမ်းမြေ့သော ကျေးလက်အသိုက်အဝန်း ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ဂုဏ်ပြုရင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ပေါက်ခေါင်းမြို့နယ်၌ ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုစိုက်ပျိုးနည်း ကွင်းသရုပ်ပြခြင်းဆောင်ရွက်

ပေါက်ခေါင်း ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကမ္ဘာ့ကျေးလက်ဒေသဖွံ့ဖြိုးရေးနေ့ (World Rural Development Day) အထိမ်းအမှတ်အဖြစ် ကောက်ရိုးမှို/ငွေနှင်းမှိုစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ဇူလိုင်လ ၅ ရက် နံနက်ပိုင်းတွင် ရေကျော်အောက်ကျေးရွာအုပ်စု ရေကျော်အောက် ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်က ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်အပိုဝင်ငွေရရှိစေရန်အတွက် မှိုစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွမ်းကျင်ဝန်ထမ်းများက ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုစိုက်ပျိုးနည်းအဆင့်ဆင့်၊ ပြုစုပျိုးထောင်နည်းစနစ်များကို ကျေးရွာသူ၊ ကျေးရွာသားများအား လက်တွေ့သရုပ်ပြသသည်။

ထို့နောက် ကျေးရွာသူ၊ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။



အဆိုပါအခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

သော်ဇင်ထူး

➪ ရှေ့ဖုံးမှအဆက်

အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်(Depression) အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့(Sittwe)၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၃၇၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဘာလဆောမြို့(Balasore)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၃၅ မိုင်ခန့်နှင့် ဒီဂါမြို့(Digha)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၄၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်ပါသည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၂၁ ဒသမ ၁ ဒီဂရီနှင့်အရှေ့လောင်ဂျီကျူ ၈၇ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်(Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေကို ချမ်ဘလီမြို့နှင့် ဒီဂါမြို့တို့အကြား ဘာလဆောမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှလှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

## ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအား ဇူလိုင်လ ၅ ရက် နံနက်ပိုင်းတွင် ပေါက်ခေါင်းမြို့ရပ်သစ်ကျေးရွာ တောင်နဝင်းဆည်ပေါင်အနီး၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထူးအောင်၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးသော်မော်ခန့်နှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၅၈ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မန်ကျည်း၊ စိန်ပန်းကြီး၊ ရေတမာ၊ ကုက္ကိုလ်၊ သခွတ်



အစရှိသည့် အရိပ်ရ၊ ပန်းအလှ၊ သီးပင်စားပင် အပင် ၅၀၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

## မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြပွဲဆောင်ရွက်



ပင်လုံ ဇူလိုင် ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြပွဲကို ဇူလိုင်လ ၅ ရက် နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန မြို့ဦးစီးမှူး ဦးရဲအောင်က ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဦးစီးဌာန၏လုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်များ၊ မီးလောင်မှုပုံစံအမျိုးမျိုး၊ မီးငြိမ်းသတ်ရာတွင် မီးလောင်မှုအမျိုးအစားအလိုက် အသုံးပြုရသည့် မီးငြိမ်းသတ် အထောက်အကူပြုပစ္စည်းများ၊ မီးဘေးအန္တရာယ်နှင့်ကြုံတွေ့လာပါက ဆက်သွယ်အကြောင်းကြားရမည့်ဖုန်းနံပါတ်များ စသည့်အကြောင်းအရာများအားလည်းကောင်း၊ နယ်မြေခံရဲစခန်းမှူးရဲအုပ်တင်မိုးလှိုင်မှလည်း မီးပေါ့ဆမှုကြောင့် ဖြစ်လာနိုင်သည့်ဥပဒေပုဒ်မများအကြောင်းအားလည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။

ပင်လုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းဝင်းအတွင်း မီးငြိမ်းသတ်မှုသရုပ်ပြပွဲသို့ ပင်လုံမြို့မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အဆိုပါကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၁၄)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၇-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

## ချစ်စရာ့ နှစ်ပြည်ထောင်

○ ဓလေ့ရိုးရာ တူညီလှ
ချစ်စရာ့ နှစ်ပြည်ထောင် ။
လာအို မြန်မာ သတင်းမွှေး
အေးမြဂုဏ်ဆောင်။
အတိတ်မှ ခုထိအောင်
နှောင်ကြိုးသွယ် သံယောဇဉ်ထား။
ချစ်ကြည်စွာ လက်ချင်းယှက်
ကောင်းကွက်တွေများ။

○ အပြန်အလှန် မေတ္တာပွား
စိတ်ထားက ဖြူစင်သည်။
နှစ်နိုင်ငံ တိုးတက်မှု
ပြုကြပေပြီ။
လေးစားလို့ ယုံကြည်
တည်တံ့မည် ချစ်ကြည်ရေး။
နှစ်နိုင်ငံ အနာဂတ်မှာ
ထူးမြတ်မယ်လေး။

○ သူ့နိုင်ငံ တိုးတက်ရေး
အားပေးလို့ ကူညီကာ။
ကိုယ့်နိုင်ငံ ဖွံ့ဖြိုးရေး
လေးစားကြည်သာ။
ကောင်းကျိုးစည်ပွင့် ဝေဆာဆာ
စွမ်းနိုင်ရာ တူယှဉ်တွဲလို့။
နှစ်နိုင်ငံ မျှော်ရည်မှန်း
ချမ်းသာစေဖို့။

○ နှစ်နိုင်ငံ သမ္မတနှစ်ဦး
ထူးခြားတဲ့ ရေစက်မှာ။
ချစ်ကြည်စွာ တွေ့ဆုံကြောင်း
ကောင်းကျိုးဝေဖြာ။
ရွှေလမ်းငွေလမ်း ဖောက်သည့်ပမာ
ရောက်ရှိလာ အမှန်မလွဲ။
ပြုံးပျော်စရာ မြတ်စိတ်ထားနဲ့
နှလုံးသားမှာ ကမ္ဗည်းဆင်
ဂုဏ်တင့်သည့်ပွဲ။ ။

မန္တလာကိုကိုဝင်း

# ချစ်ကြည်ရေးမှသည် သံတမန်ရေးနှင့် နှစ်နိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**သက်လွင်(PPIB)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဇူလိုင်လ ၄ ရက်က ဗီယင်ကျန်းမြို့ရှိ ထက်လွမ်စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ လာအိုနိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံချစ်ကြည်ရေး နိုင်ငံတော်အဆင့် (State Visit) ခရီးစဉ်မှ သံတမန်ရေးနဲ့ နှစ်နိုင်ငံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအထိ ခရီးရောက်ခဲ့တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဇူလိုင်လ ၃ ရက်မှာ နှစ်နိုင်ငံသမ္မတချင်း တွေ့ဆုံခဲ့တဲ့အခါ လာအိုနိုင်ငံသမ္မတရဲ့ ခရီးဦးကြိုပြောဆိုမှုကစလို့ နှစ်ဖက် အပြန်အလှန်ဆွေးနွေးမှုတွေဟာ နှစ်နိုင်ငံပြည်သူတွေအတွက် ဝမ်းမြောက်ဖွယ်ရာများသာ။ ဒါကြောင့် စာရေးသူက ဒီခရီးစဉ်ကို ချစ်ကြည်ရေးမှသည် သံတမန်နှင့် နှစ်နိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးလို့ မှတ်ချက်ချရခြင်းသာဖြစ်ပါတယ်။

လာအိုနိုင်ငံသမ္မတကြီးရဲ့ စကားတစ်ခွန်းကို ထုတ်နုတ်တင်ပြလိုပါတယ်။

"နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ပြီး နှစ်နိုင်ငံဆက်ဆံမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် သံတမန်ရေးရာအရသာမက စီးပွားရေးရာအရ ပူးပေါင်းဆောင်ရွက်ရေးတို့တွင်ပါ ထူးခြားသည့်ခရီးစဉ်တစ်ခုဖြစ်ပါကြောင်း"

ဆက်လက်ပြီး မိမိတို့နိုင်ငံတော်သမ္မတကြီးရဲ့ ထပ်တူကျတဲ့ စကားတစ်ခွန်းကို ထုတ်နုတ်တင်ပြလိုပါသေးတယ်။

"ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲအစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေပြီး မဟာဗျူဟာမြောက် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း"

မိတ်ဆွေကောင်းဆိုတာ ကိုယ့်အကျိုးသူ့အကျိုးကိုအခြေခံပြီး ခင်မင်ရင်းနှီးမှုကို တည်ဆောက်ရိုးထုံးစံမရှိပါဘူး။ ခင်မင်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇူလိုင်လ ၄ ရက်က လာအို အသေးစား၊ အငယ်စား စက်မှုလုပ်ငန်းတွင် ပိုးထည်များကို ရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုလေ့လာစဉ်။

ရင်းနှီးမှုကို အခြေခံပြီးမှသာ ကိုယ့်အကျိုးသူ့အကျိုးကို ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ တည်ဆောက်ကြစမြဲပါပဲ။ ဒါကြောင့် စာရေးသူ ထုတ်နုတ်တင်ပြလိုက်တဲ့ နှစ်နိုင်ငံသမ္မတကြီးနှစ်ဦး စကားလုံးများကိုကြည့်ရင် ဤသဘာဝအတိုင်းသာ တွေ့မြင်ရမှာဖြစ်ပါတယ်။

စာရေးသူတို့ ဒီခရီးစဉ်နဲ့ဆက်စပ်ပြီး အရှေ့တောင်အာရှဒေသတွင်းနဲ့ မဟာမဲခေါင်ဒေသတွင်းဆိုတဲ့ အပိုင်းအထိ အနည်းငယ်စဉ်းစားကြည့်ရအောင်ပါ။ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ဟာ ပြည်ပခရီးစဉ်တိုင်းလိုလိုမှာ မိမိတို့နိုင်ငံပထဝီရဲ့ အချက်အချာကျကျ တည်ရှိနေမှုကို အမြဲလိုလိုပြောဖြစ်တာ အားလုံးသိကြမှာပဲဖြစ်ပါတယ်။ ဒီကတစ်ဆင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့ ဖိတ်ခေါ်တယ်။ ဒါဟာ နိုင်ငံတစ်နိုင်ငံ၊ နိုင်ငံ့အကြီးအကဲတစ်ဦး၊ အစိုးရတစ်ရပ်တို့ရဲ့ မဟာဗျူဟာအခင်းအကျင်းတစ်ခုပါပဲ။

ယခုနိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့နဲ့အတူ စာရေးသူတို့ ရောက်ရှိနေတဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်နိုင်ငံပေါ့။ လာအိုနိုင်ငံလို့ပြောလိုက်ရင်ကုန်းတွင်းပိတ် (Land – locked) နိုင်ငံလို့ အများက ရိုးရိုးလေးသိကြတယ်။ ဒါပေမဲ့ အခုလက်ရှိမှာ လာအိုနိုင်ငံဟာ Land– locked ကို ကျော်လွှန်ပြီး မဟာမဲခေါင်ဒေသရဲ့ ဗဟိုချက်နိုင်ငံ၊ အရှေ့တောင်အာရှရဲ့ ဗဟိုဆက်သွယ်ရေးနိုင်ငံအဖြစ်ရပ်တည်နေနိုင်ပါပြီ။

အတိုပြောရရင် Land– locked ကနေ Land– Linked Country အဆင့်ရောက်နေပြီဆိုပါတော့။ ဘာကြောင့်လဲ။ မိုင်ပေါင်း ၆၄၄ မိုင်ရှိတဲ့ တရုတ်(ကူမင်းမြို့)–လာအို (ဗီယင်ကျန်း) မီးရထားလမ်းက သက်သေဖြစ်သလို မြေပထဝီရဲ့အချက်အချာကျမှုကို အကျိုးရှိရှိ အသုံးချနိုင်မှုကလည်း သူတို့ရဲ့ သမိုင်းဝင် အခွင့်အရေးတစ်ရပ်ဖြစ်နေလို့ပါပဲ။

ဒါ့အပြင် လာအိုရဲ့လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းက ပြည်ပနိုင်ငံများကို ဖြန့်ဖြူးရောင်းချနိုင်တာကိုလည်းတွေ့ရပါတယ်။ ဒီလုပ်ငန်းကိုလည်း သူတို့ပိုင်ဆိုင်ထားတဲ့ မဲခေါင်မြစ်ကြီးအပါအဝင် မြစ်လက်တက်တွေရဲ့စွမ်းအားကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာကိုလည်း စာရေးသူလေ့လာသိရှိခဲ့ရပါတယ်။ အမိမြန်မာပြည်ရဲ့ ဒေသတွင်းအရေးပါမှုကိုဆက်လေ့လာကြည့်ရအောင်၊

စာရေးသူတို့နိုင်ငံဟာ ကုန်းတွင်းသာမက ပင်လယ်ပြင်နယ်နိမိတ်တွေကို ပိုင်ဆိုင်ထားတာ အားလုံးအသိဖြစ်ပါတယ်။ လာအိုနိုင်ငံအနေနဲ့ကြည့်ရင် အမိမြန်မာပြည်ဟာ သူတို့ရဲ့ အနောက်ဘက်

**စာမျက်နှာ ၁၂ သို့** ○



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇူလိုင်လ ၄ ရက်က လာအိုရိုးရာသဘာဝဆပ်ပြာထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။

❍ **စာမျက်နှာ ၁၁ မှအဆက်**

ပင်လယ်ထွက်ပေါက်နိုင်ငံ (Western maritime gateway)ပါပဲ။ ဒါ့အပြင် မဟာမဲခေါင်ဒေသ(GMS)ရဲ့ အနောက်ဘက်တံခါးပေါက်( Gateway)အဖြစ်အချက်အချာကျတဲ့နိုင်ငံတစ်ခုပါ။ (land- Bridge)အဖြစ်လည်း မြင်တွေ့ရပါမယ်။ မဟာမဲခေါင်ဒေသကို အိန္ဒိယသမုဒ္ဒရာ၊ တောင်အာရှနဲ့ ကမ္ဘာ့ပင်လယ်ရေကြောင်း ကုန်သွယ်ရေးဆီပို့ဆောင်ပေးနိုင်တဲ့ နိုင်ငံတစ်ခုအဖြစ်အချက်အချာကျစွာ ပိုင်ဆိုင်ထားပါတယ်။ အရှေ့တောင်အာရှနဲ့ အိန္ဒိယ၊ တောင်အာရှထိ ချိတ်ဆက်ပေးနိုင်လို့ သိပ်ကိုတန်ဖိုးကြီးမားတဲ့ အမိမြေပါ။

ဒါကြောင့် စာရေးသူတို့ တိုင်းရင်းသားညီနောင်ထုအားလုံး အသိပညာ၊ အတတ်ပညာကြွယ်ဝရေးကို မျိုးဆက်တစ်ခုအတွက် မဖြစ်မနေကြိုးစားရမယ့် အချိန်ရောက်နေပါပြီ။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်မြင့်နဲ့ လျှောက်လှမ်းလုပ်ကိုင်နေတဲ့ ခြေတွေလက်တွေကို ဘယ်အရာတွေက ဟန့်တားထားပါသလဲ။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေလို့ ကရုဏာဒေါသနဲ့ပြောရမှာပါပဲ။ ဒီလိုသမ္မတကြီးနဲ့ ပြည်ပခရီးစဉ်တွေသွားတိုင်း စာရေးသူစိတ်ထဲဘဝင်မကျဖြစ်မိတဲ့ အကြောင်းဟာ ဒီပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကိစ္စပါပဲ။ ဒီတော့ ငြိမ်းချမ်းရေးအတွက် အချိန်တန်ပါပြီ၊ နိုင်ငံ့စီးပွားရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းလက်တွဲကြဖို့ မလွဲမသွေလိုပါပြီလို့ အလျဉ်းသင့်လို့ ဒီဆောင်းပါးကတစ်ဆင့် တိုက်တွန်းလိုပါသေးတယ်။ ဇူလိုင်လ ၄ ရက်နေ့ ခရီးစဉ်ဒုတိယရက်မှာ နိုင်ငံတော်သမ္မတကြီးနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့တွေ လာအိုနိုင်ငံရဲ့ ဘယ်လိုအထင်ကရနိုင်ငံတွေကို သွားရောက်ကြမလဲအတူတူလိုက်လေ့လာကြစို့ဗျာ။

ဒီနေ့မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ဟာ လာအိုနိုင်ငံရဲ့ သမိုင်းဝင်အထင်ကရဖြစ်တဲ့ ထက်လွှမ်ဘုရားကို သွားရောက်ဖူးမြော်ခဲ့ပါတယ်။ ဝသန်မိုးရိပ်တွေနဲ့ မြို့ပြလမ်းမများဟာ သာသာယာယာပါပဲ။ နိုင်ငံတော် အကြီးအကဲနှင့်ဇနီးတို့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ထက်လွှမ်ဘုရားကို ရောက်ရှိခဲ့ပါပြီ။ ထက်လွှမ်ဘုရားရဲ့အဝင်မှာတော့ လာအိုနိုင်ငံရဲ့ တာဝန်ရှိသူများဟာ နိုင်ငံတော်အကြီးအကဲနဲ့ဇနီးတို့ကို ရင်းနှီးနွေးထွေးစွာကြိုဆိုနေကြပါတယ်။ ဒါ့အပြင် လာအိုရိုးရာယဉ်ကျေးမှုအကအဖွဲ့ လူငယ်မောင်မယ်တွေဟာ လာအိုရိုးရာတူရိယာတွေတီးခတ်ပြီး ကြိုဆိုနေပုံကလည်း ဆွဲဆောင်မှုတစ်မျိုးပါပဲ။

ကော်ဇောခင်းထားတဲ့ ဝဲယာမှာ လာအိုရိုးရာ အမျိုးသား၊ အမျိုးသမီးဝတ်စုံများနဲ့ ကြိုဆိုသူများဟာ နိုင်ငံတော်အကြီးအကဲနဲ့ဇနီးတို့ကို လက်အုပ်လေးချီပြီး လေးစားချစ်ခင်စွာ ကြိုဆိုခဲ့သလို နိုင်ငံတော်အကြီးအကဲနဲ့ဇနီးတို့ကလည်း လက်အုပ်ချီပြီး ပြန်လည်နှုတ်ဆက်ခဲ့ပါသေးတယ်။ ဘာသာချင်းတူ၊ ရိုးရာချစ်ခင်သူချင်းမို့ တွေ့ဆုံသခိုက်ဟာ စိတ်၏ချမ်းသာခြင်းကို အပြည့်အဝပေးစွမ်းနိုင်ခဲ့ပါသေးတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ဇနီးတို့ဟာ ဘုရားမှာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးတို့ ကပ်လှူပူဇော်ခဲ့ကြပါသေးတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဇူလိုင်လ ၄ ရက်က Patuxai (Victory Gate) အား လှည့်လည်ကြည့်ရှုလေ့လာစဉ်။

ပြီးတဲ့နောက်မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့က ထက်လွှမ်ဘုရားဝင်းအတွင်း ဓမ္မခန်းမမှာ လာအိုဗုဒ္ဓဘာသာအသင်း ဗဟိုဥက္ကဋ္ဌသံဃရာဇာဘုန်းတော်ကြီး (Maha Ahjan Mahaved Manenai)၊ သက်တော်(၁၀၆)နှစ်ရှိပြီဖြစ်တဲ့ ဘုန်းတော်ကြီး(Most Ven.Noi Sangvalo) တို့ကို ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းတွေ ဆက်ကပ်လှူဒါန်းခဲ့ကြပါတယ်။ ဒီလိုရိုးရာအဖွဲ့တွေနဲ့ကြိုဆိုတဲ့ ဘုရားဝင်းနဲ့ဘုန်းတော်ကြီးတွေကိုမြင်တော့ အသွင်သဏ္ဌာန်ချင်းဆင်တူတဲ့ ကိုယ့်အမိမြေက လားရှိုးမြို့၊ မန်ဆူရှမ်းဘုန်းတော်ကြီးကျောင်းကိုလည်း အမှတ်မထင်သတိရမိပါသေးတယ်။ လားရှိုး၊ မန်ဆူရှမ်းကျောင်းကို နိုင်ငံတော်အကြီးအကဲနဲ့အတူ စာရေးသူရောက်ခဲ့ဖူးပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ဟာ ထက်လွှမ်ဘုရား ပရဝဏ်အတွင်း လှည့်လည်ကြည့်ရှုကြပါသေးတယ်။ ဘုရားပရဝဏ်အတွင်းအပြင်ကို နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ဟာ စိတ်ပါဝင်စားမှုအပြည့်နဲ့ လှည့်လည်ကြည့်ရှုခဲ့ပါသေးတယ်။ ဒီလိုကြည့်ရှုနေစဉ်မှာ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ရဲ့ စိတ်ထဲမှာ ကိုယ်တိုင်ဦးစီးပြီးတည်ထားတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနဲ့ ဘုရားပရဝဏ်ကို မှတ်မှတ်ထင်ထင်တွေးမိရင်း နှိုင်းဆမြင်ယောင်ကြည့်နေလိမ့်မယ်လို့လည်း စာရေးသူအမှတ်မထင်ခံစားမိပါသေးတယ်၊ ဒါ့အပြင်အမိမြေက ရှေးဟောင်းဘုရားတွေ၊ သမိုင်းဝင်သာသနိကအဆောက်အဦတွေ၊ ယဉ်ကျေးမှုနယ်မြေတွေအပေါ် ထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ရှေးမှုမပျက်ပြုပြင်တည်ဆောက်မှုဆိုတဲ့ အတွေးစများနဲ့အတူ ပရဝဏ်အတွင်း လျှောက်လှမ်းနေမိမှာပါပဲ။

ဘုရားအတွင်းကို ဝင်တဲ့အခါ၊ ပြန်လည်ထွက်ခွာတဲ့အခါမှာ အဝမှာ ကြိုဆိုနေတဲ့ လာအိုယဉ်ကျေးမှုအဖွဲ့ရဲ့ ရိုးရာတူရိယာတီးခတ်ကြိုဆိုတဲ့ တီးလုံးလေးဟာလည်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တော်ဝင်နန်းတော်ပြတိုက်ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အမှတ်မထင်ဆိုသလို စာရေးသူနဲ့အတူ အထူးယာဉ်တန်းအပေါ်ထိပင် စွဲငြိကပ်ပါလာခဲ့ပါသေးတယ်။ စာရေးသူတို့အားလုံး ထက်လွှမ်ဘုရားမှ ထွက်ခွာခဲ့ပါပြီ။

ထက်လွှမ်ဘုရားနဲ့ ပတ်သက်ပြီး အကျဉ်းမျှ လေ့လာကြည့်ကြရအောင်ပါ။

ထက်လွှမ်စေတီကို ၁၃ ရာစုအစောပိုင်းမှာKing Jayavarmon VI က ဦးဆောင်၍ စေတီတော်တည်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံ၊ ရာဇဂြိုဟ်ပြည်မှာ ပညာသင်ယူ၍ ပြန်လာသော သံဃာတော်၅ပါးက မြတ်ဗုဒ္ဓရဲ့ညှပ်ရိုးတော်အောက်ပိုင်းကို ကိုးကွယ်ပူဇော်ဖို့ပင့်ဆောင်လာခဲ့ပြီး ဌာပနာထားကာစေတီတည်ခဲ့တာဖြစ်ပါတယ်။ လာအိုဘာသာနဲ့ ထက်လွှမ်စေတီ(That Luang Stupa) ဟူ၍ ခေါ်ဆိုပြီး အဓိပ္ပာယ်က “ကြီးမားသော စေတီတော်”ပဲ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ စေတီတော်ကို နောက်ဆုံး ရွှေသင်္ကန်းကပ်လှူ၍ ဆက်လက် မွမ်းမံထိန်းသိမ်းထားတာပဲဖြစ်ပါတယ်။

လာအိုနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်မှာ ထက်လွှမ်စေတီတော်ရဲ့ ပုံတော်ကိုထည့်သွင်းထားရှိတာကိုတွေ့ရှိတယ်။ ထက်လွှမ်ဘုရားပွဲတော်ကိုတော့ နှစ်စဉ် လာအိုဘာသာနဲ့ ဖကျိုလ၊ လပြည့်နေ့ (မြန်မာလ တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပပါတယ်။ တစ်နိုင်ငံလုံးကဘုရားဖူးပြည်သူတွေ လာရောက်ဖူးမြော်ကြပြီး ဘုရားပွဲကာလမှာ ပြည်နယ်အလိုက် ဈေးရောင်းပြခန်းများ၊ ရိုးရာလက်မှုပစ္စည်းများ၊ အဝတ်အစားများ၊ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များနဲ့ ဘုရားဝင်းတစ်ခုလုံး ပြည့်နှက်ကာ အလွန်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပါတယ်။ စာဖတ်သူတို့ အဝေးရောက်ဖူးမြော်ရအောင် စာပန်းချီဖြင့် ပုံဖော်မျှဝေပေးလိုက်ခြင်းသာ။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းဆီကိုလည်း လေ့လာခဲ့ပါသေးတယ်။ နေရာကတော့ **ဖွန်ထုံလက်မှုအနုပညာ သမဝါယမအသင်း (Phontong Handicraft Cooperative –PHC) ပါပဲ။ အနည်းငယ်လေ့လာကြည့်ရအောင်ပါ။**

ဖွန်ထုံသမဝါယမအဖွဲ့ဟာ လာအိုကျေးလက်နေပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမြှင့်တင်ပြီး လာအိုရိုးရာလက်မှုပညာများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်ဖြစ်ပါတယ်။ ဒါ့ပြင် လက်မှုပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် ဈေးကွက်အခွင့်အလမ်းများ ရှာဖွေပေးခြင်းများကို ဆောင်ရွက်ပေးနေပါတယ်၊ အဖွဲ့ရဲ့မျှော်မှန်းချက်က ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ၎င်းတို့နှင့်ဆက်စပ်သည့် လူမှုအသိုင်းအဝိုင်းများမှာ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအရ သင့်လျော်ကိုက်ညီသော လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးရန်တို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ဟာ ခင်းကျင်းပြသထားတဲ့ ရိုးရာအထည်တွေ၊ ပိုးမွေးမြူရေးနဲ့ ရိုးရာပိုးချည်မျှင်ထုတ်လုပ်မှုတွေ၊ ပိုးထည်တွေကို စိတ်ပါဝင်တစားနဲ့ လှည့်လည်ကြည့်ရှုကြပါတယ်။ ဒီလို အသေးစား၊ အလတ်စားပြည်တွင်းလုပ်ငန်းတွေဟာ နိုင်ငံတော်အကြီးအကဲရဲ့ အသည်းစိုင်တစ်ခုပါပဲ။ စိတ်ဝင်စားဆုံး၊ သူအဖြစ်စေချင်ဆုံး ဆန္ဒဆိုလည်းမမှားပါဘူး။

**စာမျက်နှာ ၁၃ သို့** ❍

❍ စာမျက်နှာ ၁၂ မှအဆက်

နိုင်ငံတော်အကြီးအကဲရဲ့လေ့လာမှတ်သားမှုတွေကတစ်ဆင့် မိမိတို့နိုင်ငံတွင်းက MSME လုပ်ငန်းတွေရဲ့ မျှော်မှန်းလုပ်ကိုင်ခွင့်နဲ့ လုပ်ငန်းလိုအပ်ချက်တွေအတွက် တစ်မျိုးတစ်ဖုံ ကြံဆောင်ကြိုးစားပေးဦးမယ်လို့လည်း စာရေးသူခံစားမိပါသေးတယ်။

နောက်တစ်ခုကတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာ-လာအိုချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Chanthavong Seneamatmontry က လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါတယ်။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးမြှင့်ရေးဆိုင်ရာအခြေအနေများနဲ့ နှစ်နိုင်ငံလူငယ်များရဲ့ပညာရေး၊ အလုပ်အကိုင်နဲ့စွမ်းဆောင်ရည်မြင့်မားစေရေးကဏ္ဍတွေမှာ တိုးမြှင့်လုပ်ကိုင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ အဲ့ဒီနောက်မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လာအိုနိုင်ငံရဲ့ အမျိုးသားအထိမ်းအမှတ် Patuxai (Victory Gate) ကိုသွားရောက်လေ့လာခဲ့ပြန်ပါတယ်။

ဒီနေရာမှာတော့ နိုင်ငံတော်အကြီးအကဲနဲ့ဇနီးတို့ဟာ ဂိတ်အဆောက်အအုံတွင်းက တည်ဆောက်ထားတဲ့ ဗိသုကာလက်ရာနဲ့ ယဉ်ကျေးမှုလက်ရာတွေကို စိတ်ပါဝင်တစားနဲ့ သေသေချာချာလေ့လာခဲ့ပါတယ်၊ လက်ရှိ မိမိတို့နိုင်ငံမှာလည်း နိုင်ငံတော်အကြီးအကဲဟာ နေပြည်တော်မြို့အဝင်မှာ ခမ်းနားတဲ့မြို့အဝင်ဂိတ်ကြီးကို တည်ဆောက်ဖို့စီစဉ်ဆောင်ရွက်နေတာအားလုံး အသိဖြစ်မှာပါ။ ဒီမုခ်ဦးကိုလည်း မြန်မာမှုလက်ရာများနဲ့ ခိုင်မာသပ်ရပ်ခမ်းနားစွာ တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလာအိုနိုင်ငံရဲ့ အမျိုးသားအထိမ်းအမှတ် Patuxai (Victory Gate)ကိုရောက်တဲ့အခါမှာ နိုင်ငံတော်အကြီးအကဲရဲ့စိတ်ထဲ နှိုင်းဆပုံဖော်နေမှာပဲဆိုတာ စာရေးသူခံစားမိခဲ့ပါသေးတယ်။ အဲ့ဒီနောက်မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာသံရုံး၊ စစ်သံရုံးတို့က ဝန်ထမ်းတွေ၊ ပညာသင်နေတဲ့ တပ်မတော်သားအရာရှိတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

ဇူလိုင်လ ၅ ရက်နေ့ နံနက်ပိုင်းမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့မှတစ်ဆင့် လွှန်ပရာဘန်မြို့ကို အထူးလေယာဉ်နဲ့ ခရီးဆက်ခဲ့ပါတယ်။ လွှန်ပရာဘန်မြို့ လေဆိပ်အရောက်မှာတော့ ကော်ဇောနီခင်းပြီး နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားနဲ့ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြပါတယ်။ ကော်ဇောနီရဲ့ တစ်ဖက်တစ်ချက်စီမှာ တူညီဝတ်စုံလေးတွေနဲ့ နှစ်နိုင်ငံနိုင်ငံတော်အလံတွေဝှေ့ယမ်းပြီးကြိုဆိုနေတဲ့ ကလေးငယ်တွေရဲ့ အပြုံးလေးတွေကလည်း နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ကို ခရီးအမောတွေ ပြေပျောက်စေမှာပါပဲ။

လေဆိပ်ကတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လွှန်ပရာဘန်မြို့ရှိ တော်ဝင်နန်းတော်ပြတိုက်ကို သွားရောက်လေ့လာခဲ့ကြပါတယ်။ တော်ဝင်နန်းတော်ပြတိုက်အတွင်း ရှေးဟောင်းရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ထားမှုတွေကို စိတ်ပါဝင်တစားနဲ့ လေ့လာနေတဲ့ နိုင်ငံတော်အကြီးအကဲကို စာရေးသူငေးကြည့်ရင်း မိမိနိုင်ငံအတွက် အလိုလိုကျေနပ်ပီတိဖြစ်ခဲ့မိပါသေးတယ်။ မိမိတို့နိုင်ငံမှာလည်း သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေများစွာရှိနေတာပဲ မဟုတ်ပါလား။ အဲ့ဒီနောက်မှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ကို လာအိုနိုင်ငံ၊ လွှန်ပရာဘန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးက လာရောက်တွေ့ဆုံခဲ့ပါသေးတယ်။

ဆက်လက်ပြီး နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ လွှန်ပရာဘန်မြို့ရှိ Souphattra Hotel မှာကျင်းပတဲ့ လာအိုရိုးရာ ဘာစီ( Baci)ဆုတောင်းပွဲကို တက်ရောက်ခဲ့ပါတယ်။ ဆုတောင်းပွဲပြီးတာနဲ့ စာရေးသူတို့ဟာ လာအိုနိုင်ငံ လွှန်ပရာဘန်မြို့ရှိဝပ်စီယမ်သုန်ဘုရားကို ဖူးမြော်ဖို့ခရီးဆက်ခဲ့ပြန်ပါတယ်။

လွှန်ပရာဘန်မြို့လေးကိုရောက်တဲ့အခါ မိမိတို့နိုင်ငံရဲ့ ရှမ်းပြည်နယ်က တောင်ပေါ်မြို့လေးတစ်မြို့ကို ရောက်သွားသလိုခံစားရပါတယ်။ မဲခေါင်မြစ်ကြီးဘေးတစ်လျှောက်မြင်နေရတဲ့မြို့ပြပုံရိပ်လေးတွေဟာ မြင်ရသူတိုင်းအတွက် ကြည်နူးပီတိဖြစ်စရာပါ။ ဝပ်စီယမ်သုန်ဘုရားသို့ ခရီးဆက်ရာလမ်းတစ်လျှောက် လွှန်ပရာဘန်မြို့ရဲ့ မြို့ပြပုံရိပ်များဟာ ပန်းချီကားတစ်ချပ်ပမာ စိမ်းစိုပြီးလှပလျက်ရှိတာကို တွေ့မြင်ရပါတယ်၊ လွှန်ပရာဘန်မြို့ဟာ ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားဆုံးမြို့တစ်မြို့အဖြစ် ထင်ရှားပါတယ်။ နှစ်စဉ်ကမ္ဘာလှည့်ခရီးသွားဦးရေ သန်းနဲ့ချီပြီး လာရောက်အပန်းဖြေလေ့လာကြတာကိုလည်း လေ့လာသိရှိခဲ့ရပါတယ်။

ကမ္ဘာလှည့်ခရီးသွားတွေစိတ်ဝင်စားဆုံးမြို့ဖြစ်တာနဲ့အညီ မြို့ပြရဲ့ Clean City, Smart City, Green City အဖြစ်တည်ရှိနေမှုတွေကလည်း ရိုးရာယဉ်ကျေးမှုဆန်ဆန်နဲ့ နန်းဆန်ပြီးလှပနေသလို စာရေးသူခံစားမိပါတယ်။ မိမိတို့ နိုင်ငံမှာလည်း ဒီလိုမြို့လေးတွေ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရင်ကောင်းမှာပဲဆိုတဲ့အတွေးဟာ စာရေးသူရင်ထဲ ခပ်ပြင်းပြင်းတိုးဝှေ့ဝင်လာခဲ့ပြန်ပါသေးတယ်။ ဒီလိုနဲ့ ခရီးဆက်ခဲ့ရင်းလာအိုရိုးရာယဉ်ကျေးမှုလက်မှုပစ္စည်းထုတ်ကုန်လေးတွေ ရောင်းချနေတဲ့ဈေးတန်းလေးတစ်ခုကို အမှတ်မထင်မြင်လိုက်ရပါတယ်၊ ဒေသထွက်အမှတ်တရပစ္စည်း အရောင်းဆိုင်လေးများနဲ့အတူ ဝပ်စီယမ်သုန်ဘုရားကို ကြည်ညိုစွာဖူးမြော်မြင်တွေ့ခဲ့ရပါပြီ။

အမှတ်တရပစ္စည်းအရောင်းဆိုင်ဈေးတန်းလေးအဆုံးမှာတော့ ဝပ်စီယမ်သုန်ဘုရားဆီကို ရောက်ရှိသွားခဲ့ပါတယ်။ တည်ထားကိုးကွယ်တဲ့ ဘုရားစေတီရဲ့ သပ္ပာယ်ကြည်ညိုစရာကောင်းမှု၊ အမှတ်တရပစ္စည်းဈေးတန်းလေးများရဲ့ သပ်ရပ်လှပနေမှုများဟာ ကမ္ဘာလှည့်ခရီးသွားတွေကို အမှန်တကယ်စိတ်ဝင်စားစေတယ်ဆိုတာ သက်သေနဲ့တကွ မြင်တွေ့လိုက်ရပါတယ်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးတို့ဟာ ဝပ်စီယမ်သုန်ဘုရားကို ဖူးမြော်ကြည်ညိုပြီး ဘုရားပရဝဏ်အတွင်းလှည့်လည်ကြည့်ရှုကြပါသေးတယ်။ ဒီနေရာမှာတစ်ခုအတွေးဝင်မိပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့အတူ ရောက်ခဲ့ဖူးတဲ့ ကမ္ဘာ့ဦးဆောင်နိုင်ငံတွေကို ရောက်ခဲ့ဖူးပါတယ်၊ ဒီနိုင်ငံကြီးတွေမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြင့်မားတဲ့ ပုံရိပ်တွေကို မြင်တွေ့ရပါတယ်။ ဒါပေမဲ့ ဒီလိုအာဆီယံဒေသတွင်းနိုင်ငံတွေကျပြန်တော့လည်း သူ့မြေပထဝီ၊ သူ့ရာသီသဘာဝ၊ သူ့မြို့ပြသဘာဝ၊ ရိုးရာယဉ်ကျေးမှုတွေနဲ့ တစ်မျိုးတစ်ဖုံ ဗိသုကာဆန်ဆန်လှပနေတာပဲဆိုတဲ့ အတွေးတစ်ခု စာရေးသူအတွေးထဲ မဆိုင်းမတွ ဝင်လာခဲ့ပြန်ပါသေးတယ်။ ဒီလိုလေးဖြစ်ဖို့ဆိုရင်တောင် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှု၊ သဘာဝပတ်ဝန်းကျင်ကို ကောင်းစွာထိန်းသိမ်းထားရှိမှု၊ မိမိပိုင်ဆိုင်တဲ့ သဘာဝအမွေအနှစ်နဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ကောင်းမွန်စွာတည်ဆောက်ထားမှု စတဲ့ အခြေခံအကြောင်းတရားတွေကို အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်မှာပဲဖြစ်ပါတယ်။ ဒီလိုနဲ့ မြန်မာနိုင်ငံကို ပြန်ရတော့မယ့် အချိန်ဟာတရွေ့ရွေ့နီးကပ်လာပါပြီ။

နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံကို ပြန်ဖို့အတွက် လွှန်ပရာဘန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ပြန်လည်ခရီးဆက်ခဲ့ပါတယ်။ အထူးယာဉ်တန်းရဲ့ အနောက်ဘက်မျက်နှာစာတိုင်းမှာ ချစ်စရာကောင်းပြီး ရိုးရာအမွေအနှစ်တွေနဲ့ လှပတဲ့လွှန်ပရာဘန်မြို့လေးရဲ့ ပုံရိပ်တွေဟာ ကျန်ရစ်လို့နေခဲ့ပါတော့တယ်။ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ အမိမြန်မာပြည်ကိုပြန်တော့မယ့် အထူးလေယာဉ်ကြီးဆီကို ရောက်ရှိကုန်ကြပါပြီ။ လေဆိပ်မှာလည်း လာအိုနိုင်ငံကတာဝန်ရှိသူများဟာ နွေးထွေးသောအပြုံးများနဲ့ လိုက်လံနှုတ်ဆက်ပို့ဆောင်ခဲ့ကြပါသေးတယ်။

အထူးလေယာဉ်ကြီးရဲ့ တိမ်တိုက်များကြား ပျံသန်းချိန် ၁နာရီခန့်မှာတော့ နိုင်ငံအတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နေပြည်တော်လေဆိပ်ကို ပြန်လည်ရောက်ရှိခဲ့ကြပါတယ်။ နိုင်ငံတော်ဒုတိယသမ္မတနှစ်ဦး ဦးဆောင်တဲ့ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးဦးဆောင်တဲ့ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနဲ့ တာဝန်ရှိသူများက မိုးဖွဲလေးများကြားမှာ နွေးထွေးစွာကြိုဆိုလျက်ရှိပါတယ်။ နှစ်ဖက်သော မျက်နှာပြင်များပေါ်က အပြုံးကိုယ်စီဟာ လာအို-မြန်မာချစ်ကြည်ရေး နိုင်ငံတော်အဆင့် (State Visit)ခရီးစဉ်ရဲ့ အောင်မြင်မှုရလဒ်တွေရဲ့ အောင်မြင်မှုရဲ့ ရှေ့ပြေးပုံရိပ်များပါပဲ။

မည်သို့ပင်ဆိုပါစေ၊ နိုင်ငံတော် အကြီးအကဲရဲ့ ပြည်ပခရီးစဉ်တိုင်းဟာ နှစ်နိုင်ငံချစ်ကြည်ရေးကတစ်ဆင့် သံတမန်ရေးကို ကောင်းမွန်စွာတည်ဆောက်နိုင်ခဲ့ပါ တယ်။ မဟာဗျူဟာကျကျနဲ့ နှစ်နိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုကို အောင်မြင်စွာရယူနိုင်ခဲ့ပြီး နိုင်ငံခြားရေးမူဝါဒနဲ့ သံတမန်ရေးရာများကို အာဆီယံဒေသတွင်းသာမက ကမ္ဘာ့မျက်နှာစာအထိကောင်းမွန်စွာတည်ဆောက်လျက်ရှိသည်ကို သက်သေပြနိုင်ခဲ့ပါကြောင်း စာလွှာနှင့်တကွ သတင်းစကားပါးလိုက်ရပါတော့သည်ခင်ဗျာ။ ။

# မင်းဘူး(စကု)မြို့နယ်၌ ရေဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်



မင်းဘူး ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရေဘေးသဏ္ဌာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို ဇူလိုင်လ ၄ ရက်က ထုံးမကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းနှင့် ဧရာဝတီမြစ်ကမ်းဘေးတို့၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မင်းဘူးခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အင်ကြင်းစုအောင်က ထုံးမကြီးကျေးရွာရှိ ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် နေထိုင်ကြသူများနှင့် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ် ရေဘေးနှင့်ပတ်သက်ပြီး ကြိုတင်ဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဒေသခံပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အသိပညာပေးလေ့ကျင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေဘေးသဏ္ဌာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြရာ မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ ဦးဆောင်ပြီး ခရိုင်နှင့်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုကူညီရေးအသင်းများမှ ပူးပေါင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးအဖွဲ့များခွဲကာ ကျေးရွာအတွင်း သဘာဝဘေးအန္တရာယ်ရေဘေးနှင့်ပတ်သက်၍ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ကြရန် Hand Speaker ဖြင့် အသိပေးလှည့်လည်နှိုးဆော်ခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ရေပြင်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းအဖြစ် ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကိုကိုဝေဟိန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက(Speed Boat) စက်လှေတစ်စင်း၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် ဧရာဝတီမြစ်အတွင်း ရေပြင်ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရှေးဦးသူနာပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသို့ စနစ်တကျပြောင်းရွှေ့ကူညီဆောင်ရွက်ပေးခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

ကြည်လွင်မြင့်(မုဒြာ)

**မေး။ ။ မင်္ဂလာပါဗျာ။ ကျွန်တော့်အသက် ၃၂ နှစ်ပါ။ နည်းနည်းဝပါတယ်။ ကိုယ်အလေးချိန်က ၇၀ ကီလိုရှိပါတယ်။ ညဆို ၁၀ နာရီနဲ့ ၁၁ နာရီကြားအိပ်ရင် အိပ်ပျော်ပါတယ်။ ည ၁၂ နာရီကျော်မှ အိပ်ရင် အိပ်မရတော့ပါဘူး။ ရောဂါက ခါးနာလို့ပါ။ အရင်နှစ်တွေကလည်း နာဖူးပါတယ်။ ဒါပေမဲ့ အခုတစ်ခါနာတာလည်း သာမန်လို နာတာကနေ စတာပါ။ အဲဒီလိုနာတာနဲ့ ဆေးရုံသွားပြလိုက်တာ ဆေးရုံက MRI ရိုက်စစ်လိုက်တော့ ခါးအရိုးနုထွက်နေတယ်လို့ပြောပါတယ်။ ကျီးပေါင်းရောဂါအမျိုးအစားလို့ဆိုပါတယ်။ ဆေးထိုးလိုက်ရင် သက်သာနိုင်တယ်ဆိုပြီး ဆေးထိုးလိုက်တာ ပထမဆေးတုန်းက ကောင်းတယ်။ ဒုတိယဆေးထိုးပြီးနောက်ပိုင်း ခါးကလည်း တအားနာ၊ ညာဘက်ခြေထောက်တစ်လျှောက်လုံး အကြောတွေနာလာတယ်။ ခြေမျက်စိအောက်နားကလည်း ထုံကျဉ်လာတယ်။ အဲဒါ အကြောပြင်ပြီး ကုသမယ်ဆိုရင် ပျောက်ကင်းနိုင်ပါသလားဆရာ။**

**ဖြေ။ ။** ခါးကြောညပ်တာပျောက်ကင်းဖူးတဲ့နည်းတစ်နည်းကို ပေးပါမယ်။

**ခါးနာ၊ အကြောညပ်၊ ပေါင်၊ ခြေသလုံးကိုက် ဆားနင်းကုသနည်း-**

ဆားကြမ်းနှစ်ပိဿာကို ဆန်ကောဒါမှမဟုတ် လင်ပန်းထဲမှာပုံ၊ အပေါ်က အဝတ်ဟောင်းအုပ်ပြီး မတ်တတ်ရပ်နင်းပါ။ ဘယ်ညာခြေဖဝါး နှစ်ဖက်ကျအောင်နင်းပါ။ အဲဒီလိုနင်းနေချိန် ခါးမှာ ရေစိုအဝတ်ပိုင်းကို ရေကုန်အောင်ညှစ်ပြီးပတ်ထားပါ။ ဆားနင်းနေရင်း ရေစိုအဝတ်ခြောက်သွားတာကို တွေ့ရပါလိမ့်မယ်။ ဒီနည်းနဲ့ ခါးကြောညပ်ခါးနာ-ပေါင်ခြေသလုံးကိုက်သူတွေ ပျောက်ကင်းဖူးပါတယ်။ ခုနစ်ရက်ကနေ ၁၄ ရက်အထိပြုလုပ်ပါ။ အိပ်ပြီး ခါးမှာ ရေစိုအဝတ်ပတ်၊ တခြားသူက ခြေဖဝါးဆားပွတ်ရေလောင်းပေးရင်လည်း ရပါတယ်။

**မေး။ ။ ဆရာ ခါးကျီးပေါင်းကိုပျောက်အောင် ကုသမယ်ဆိုရင် အချိန်အားဖြင့် ဘယ်လောက်ကြာနိုင်ပါသလဲ။ ကျွန်တော်က ပြည်ပကနေလာရမှာ အချိန်အတိုင်းအတာသိချင်လို့ပါ။ လေယာဉ်လက်မှတ်ဖြတ်တဲ့အခါ အသွားအပြန်ချိန်ညှိချင်လို့ပါ။**

**ဖြေ။** ကျီးပေါင်းရောဂါဆိုတာ လွယ်လွယ်နဲ့ပျောက်တဲ့ရောဂါမဟုတ်ပါဘူး။ ပျောက်ကင်းအောင် အာမခံကုသဖို့ကတော့ မလွယ်ပါဘူး။ အကြောပြင်၊ ကြပ်ထုပ်ထိုး၊ ဆေးအုံ၊ ဆေးကပ်ကုသရင်တောင် ၄၅ ရက်ကနေ ခြောက်လအထိကြာတတ်ပါတယ်။ ကျီးပေါင်းနဲ့ အကြောလွတ်ဖို့အတွက်ကတော့ ၁၄ ရက်လောက်ကုသရင်ရနိုင်ပါတယ်။ စိတ်ဝင်စားရင်လာခဲ့ပါ။ ကိုယ့်ပညာရှိသမျှ ကုသပေးပါမယ်။ ဆေးဖိုးငွေကလည်း များများမကုန်ပါဘူး။ ခရီးစရိတ်၊ တည်းစရိတ်သာ ကုန်မှာပါ။ ပျောက်ကင်းစေချင်ပါတယ်။

**မေး။ ။ ဆရာကြီးရှင့်။ ညာဘက်မျက်စိက အမည်းစက်လေးက မျက်လုံးကြည့်တိုင်း ရွေ့နေပါတယ်။ သုံးလကျော်လောက်ရှိပါပြီ။ ဆရာဝန်ပြတာ မျက်စဉ်းတစ်လခတ်ခိုင်းပါတယ်။ မပျောက်ပါဘူး။ အခုဘယ်ဘက်မျက်စိပါထပ်ဖြစ်တာ တစ်ပတ်လောက်ရှိပါပြီ။ ဘယ်လိုလုပ်ရမလဲဆိုတာ ဖြေကြားပေးပါ။**

**ဖြေ။ ။** ကျားမနိုင်နွယ်မြစ်ကိုသွေးပြီး မျက်စိကွင်းပါ။ ကွမ်းရွက်ကို ပြားစေ့ခန့်ဖဲ့ပြီး မျက်စိအတွင်းထောင့်နှစ်ဖက်မှာကပ်ထားပါ။ တိုင်းရင်းဆေးအမှတ်(၁၂) စက္ခုပါလဆေးကို ညအိပ်ရာဝင်ချိန်မှာ သောက်ပါ။ အပူအစပ်ရှောင်စားပါ။ နွားနို့အစိမ်းကို ဆားခတ်သောက်ပါ။ ညအိပ်ရာဝင် ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်ကနေအောက်ကို ရေလောင်းခြေဆေးအိပ်ပါ။

**မေး။ ။ ဆရာကြီးရှင့်။ သမီးက အစာအိမ်အချဉ်ပေါက်တာကြာပါပြီ။ ဆေးသောက်လည်း ခဏပဲသက်သာသွားတယ်။ သိပ်မကြာဘူး ပြန်ဖြစ်တာပါပဲ။ အစာစားပြီးရင် အချဉ်ရည်တွေ ပြန်အန်တာပါ။ ဘာဆေးသောက်ရမလဲ။ ကျေးဇူးပြုပြီး ပြောပြပေးပါဦး။**

**ဖြေ။ ။** အစာအိမ်က အချဉ်ရည်အန်ရင် အချဉ်အစပ်တွေရှောင်စားပါ။ အသား အထူးသဖြင့် နီတဲ့အသားတွေရှောင်ပါ။ ချိုတဲ့အရသာများများစားပါ။ ချိုတဲ့အသီး(ငှက်ပျောသီး၊ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး)တွေစားပေးပါ။ ပျားရည်တစ်ဇွန်း နေ့စဉ်သောက်ပါ။ ပဲရာဇာလက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ်ရောပြုတ်သောက်ပါ။ လေပူကျဆေးသောက်ပါ။ တိုင်းရင်းဆေးအမှတ်(၇) နွယ်ချိုကဲလျက်ဆားလျက်ပေးပါ။

**မေး။ ။ ဆရာကြီးရှင့်။ မကြာခဏ အစာမကြေဖြစ်ပြီး ရင်တွေတောင့်ပြီး အသက်ရှူမဝသလို ခဏခဏဖြစ်လို့ ဘာဆေးသောက်ရမလဲ၊ ဆေးခန်းပြလည်း ခဏပဲသက်သာလို့ပါ ဖြေကြားပေးပါဦးရှင့်။**

**ဖြေ။ ။** ရှောက်ရည်နဲ့ပျားရည် ရောစပ်သောက်ပါ။ ထမင်းရည်ပူပူလေးမှာ ဆားအနည်းငယ်ထည့်သောက်ပါ။ တိုင်းရင်းဆေးအမှတ်(၂) လေမျိုးရှစ်ဆယ်ဆေးသောက်ပါ။ လေပူကျဆေးသောက်ပါ။

**မေး။ ။ ကျွန်မအမေက အသက် ၆၈ နှစ်၊ ကိုယ်အလေးချိန်က ပေါင် ၁၃၀ ပါ။ သွေးတိုးရောဂါရှိပါတယ်။ သွေးကျဆေးတစ်လုံး နေ့တိုင်းသောက်ရပါတယ်။ အခုဖြစ်နေတာက ဒူးနာတာနဲ့ ဆီးမထိန်းနိုင်တာပါ။ ဒူးနာတာက တစ်ခါတလေ တော်တော်ဆိုးပြီး အထိုင်ခက်၊ အထခက်ပါ၊ တစ်ခါတလေတော့လည်း နေသာထိုင်သာရှိပါတယ်။ ဆီးမထိန်းနိုင်တာကလည်း ညနေ ၆ နာရီနောက်ပိုင်းလောက်ဆို ဆီးသွားရမှာစိုးလို့ မစားမသောက်ရဲတော့ပါဘူး။ ဒါတောင်မှ ညကို နှစ်ခါ၊ သုံးခါထရပါသေးတယ်။ တစ်ခါတစ်ရံ ညခဏခဏထရတော့ အိပ်ရေးတွေပျက်၊ နေမကောင်းတွေဖြစ်ပါတယ်။ ဆီးမထိန်းနိုင်တာက နေ့နေ့ညည toilet သွားရာလမ်းမှာကို မထိန်းနိုင်ဘဲ တစက်စက်ကျနေတာမျိုးပါ။ ဆေးနည်းကောင်းများပေးစေလိုပါတယ်။**

**ဖြေ။ ။** မုန်ညင်းဆီ ၁၀ ကျပ်သားမှာ ချင်းတက်သုံးကျပ်သားထည့်၊ မီးနဲ့ချက်ထားပါ။ ဒူးဆစ်မှာလိမ်းပါ။ ဗာဒံရွက်အနုကို မီးကင်၊ ဒူးပေါ်မှာကပ်ပြီး ပတ်တီးစည်းထားပါ။ တစ်ခါစည်းရင် ငါးနာရီကြာစည်းပါ။ ခုနစ်ရက်ဆက်စည်းပါ။ ဆီးမထိန်းနိုင်တာအတွက် ဆီးဖြူသီးကိုပြုတ်ပြီး ဆီးဖြူသီးထောင်းပြုလုပ်စားပါ။ ရုံးပတီသီးနေ့စဉ်စားပါ။ ကျားမနိုင်နွယ်မြစ်ကိုသွေးပြီး ဆီးခုံမှာလိမ်းပါ၊ ကရမက်ကိုသွေးပြီး ဟင်းစားဇွန်းတစ်ဇွန်းခန့်သောက်ပေးပါ။

**မေး။ ။ ပါးရွဲ့ရောဂါဖြစ်နေလို့ပါဆရာ။ ဆေးခန်းပြကြည့်တော့ facial palsy လို့ပြောပါတယ်။ စပြတဲ့နေ့ကစပြီး ဆေးနှစ်ရက်ထိုးပါတယ်။ သောက်ဆေးလည်း တစ်နေ့သုံးကြိမ်သောက်ရပါတယ်။ မျက်နှာဖြစ်တဲ့ဘက်ကိုလည်း သံပရာသီးနဲ့လိမ့်ပေးပါတယ်။ ဒါပေမဲ့ ထင်သလောက်မပျောက်ဘူး။ ဒီနေ့နဲ့ဆိုဖြစ်တာသုံးရက်ရှိပါပြီ။ ကျေးဇူးပြုပြီး နည်းလမ်းလေးရှိရင် ပြောပြပေးပါလားဆရာ။**

**ဖြေ။ ။** ပါးရွဲ့ရင် အလင်းရောင်ထဲမထွက်ရ၊ တီဗွီမကြည့်ရ၊ မျက်ရည်ကျ၊ မျက်လုံးပါကျယ်လာပြီး မျက်ကျယ်ပါးရွဲ့ရောဂါဖြစ်တတ်ပါတယ်။ သံပရာသီးနဲ့မလိမ့်ပါနဲ့။ ပိုရွဲ့သွားတတ်ပါတယ်။ အလိမ့်များရင်အကြောရောင်ပြီး အကြောပြင်ဆရာ ကိုင်မရဖြစ်တတ်ပါတယ်။ ရေနွေးကို တဘက်နဲ့စိမ်ညှစ်ပြီး ပါးမှာကပ်ပေးပါ။ မျက်စိကျယ်သွားတဲ့ဘက်က ပါးရွဲ့တဲ့ဘက်ဖြစ်ပါတယ်။ ဆွဲယူသွားတဲ့ဘက်က အကောင်းဖြစ်ပါတယ်။ မုန်ညင်းဆီ ၅ ကျပ်သားမှာ ချင်းတက်လက်တစ်ချောင်းစာ ထုခြေထည့်ပြီး မီးနဲ့ဆူအောင်ချက်ထားပါ။ အဲဒီဆီနွေးနွေးကို ပါးနှစ်ဖက်စလုံးလိမ်းထားပါ။ ကွမ်းရွက်ကိုမီးကင်ပြီး ပါးမှာကပ်ပေးပါ။ မိဿလင်မှုန့်ဝယ် ကြပ်ထုပ်လုပ် ရေနွေးငွေ့ခံပြီး ပါးမှာထိုးပေးရင် အမြန်သက်သာပါတယ်။

ရှောင်ရမယ့်အစားအစာ-ဝက်သား၊ အုန်းထမင်း၊ ဒံပေါက်၊ ရေခဲရေ၊ ကုလားပဲနဲ့လုပ်ထားတဲ့မုန့်တွေ၊ ဝမ်းတွင်းသား၊ အေးခဲထားတဲ့အစားအစာတွေ၊ အကြောအဆစ်ရောင်စေတဲ့ နီတဲ့အသား၊ ပဲပင်ပေါက်၊ စတော်ဘယ်ရီသီး၊ ခရမ်းချဉ်သီးပန်ထွေဖျော် စတာတွေရှောင်ပါ။

စားရမယ့်ခတ်စာ - ပဲရာဇာ၊ အကြေးခွံပါတဲ့ငါး၊ အစိမ်းရောင်ရှိတဲ့အသီးအနှံတွေကိုစားပါ။ ရှောက်သီး၊ သံပရာသီး၊ ကမ္ဘလာသီးဖျော်ရည်တွေမှာ ပျားရည်တစ်ဇွန်းထည့်သောက်ပါ။ ပါးရွဲ့နေစဉ် ဝါးစားရတဲ့ မာကျောတဲ့အစာတွေရှောင်ပြီး အရည်များများသောက်ပါ။

**မေး။ ။ ဆရာကြီးခင်ဗျာ။ ကျွန်တော့်ရဲ့ဖခင် အသက် ၇၀ ကျော် အငြိမ်းစားကျောင်းဆရာတစ်ဦးမှာ ချော်လဲရာကနေ ညာဘက်လက်မောင်းနဲ့ ပခုံးမှာခိုက်မိပြီး ဆေးကုသမှုခံယူရဖူးပါတယ်။ ဆေးကုသမှုကြောင့် ခိုက်မိဒဏ်တွေ ပျောက်ကင်းသွားပေမယ့် လက်ကအထက်ကိုမြှောက်မရဘဲ တဖြည်းဖြည်း လက်မောင်းကပ်ရောဂါဖြစ်လာပါတယ်။ တောရှောက်မြစ်၊ ဝံအူမြစ်၊ ချင်းစိမ်ထားတဲ့ အရက်ဦးရည်လိမ်းပါတယ်။ အကိုက်အခဲသက်သာပေမယ့် လက်မြှောက်မရပါ။ လက်မောင်းကပ်ရောဂါပျောက်စေဖို့ ဘယ်လိုဆေးမျိုးသုံးစွဲရမလဲခင်ဗျာ။**

**ဖြေ။ ။** လက်မောင်းကပ်ရောဂါက ခိုက်မိဒဏ်တစ်ခုခုကြောင့် နာကျင်လို့ လက်ကိုမလှုပ်ဘဲ ငြိမ်ငြိမ်ထားရာကနေ ကြာတဲ့အခါ အကြောတွေဆိုင်းသွား၊ ကပ်သွားပြီး တဖြည်းဖြည်းဖြစ်လာတတ်ပါတယ်။ လက်ကိုဆန့်တန်းမြှောက်ရင် နာပါတယ်။ အထက်ကို အဆုံးမြှောက်မရပါဘူး။ နောက်ကိုကွေးရင်လည်း နောက်ကျောပြင်ကို လက်ပြန်ကုတ်ရင် အဆုံးထိမရ ဖြစ်တတ်ပါတယ်။ အဲဒီလိုဖြစ်ရင် လိမ်းဆေးအပူတွေလိမ်းပြီး ကုသလေ့ရှိပါတယ်။ တချို့မှာ ဆေးပူတွေ လိမ်းရင်၊ စည်းရင် ပျောက်မယ်ထင်ပြီး ဆေးစည်းကုသသူတွေလည်းရှိပါတယ်။ အဲဒီလိုကုသရင် ထိုက်သင့်သလောက် သက်သာနိုင်ပေမယ့် အပြည့်အဝမပျောက်ကင်းနိုင်ပါ။ လက်မောင်းကပ်ရင် လေ့ကျင့်ခန်းပြုလုပ်ပါ။ လက်ကိုမြှောက်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း အကြိမ် ၂၀ ခန့်ပြုလုပ်ပေးပါ။ တစ်နေ့ သုံးကြိမ်ပြုလုပ်ပါ။ တတ်နိုင်သမျှ အနာခံပြီးပြုလုပ်ပါ။ လက်မောင်းကပ်ရောဂါက သန်တဲ့ဘက်ကဖြစ်ရင် ပိုပြီးပျောက်လွယ်ပါတယ်။ ဥပမာ -ညာသန်ဖြစ်ရင် ညာဘက်လက်က အသုံးများလို့ ပျောက်လွယ်ပါတယ်။ မသန်တဲ့ဘယ်လက်မှာဖြစ်ရင် အသုံးနည်းလို့ ပျောက်ခဲပါတယ်။ လေ့ကျင့်ခန်းမှန်မှန်လုပ်ရင် ၁၄ ရက်အတွင်း ပျောက်ကင်းနိုင်ပါတယ်။ ကြပ်ထုပ်ထိုးကုသတာကလည်း အထောက်အကူဖြစ်ပါတယ်။ ဆားကြပ်ထုပ်ထိုးနိုင်ပါတယ်။ မိဿလင်ကြပ်ထုပ်ကတော့ အကောင်းဆုံးပါ။ မုန်ညင်းဆီလိမ်းပြီး ကြပ်ထုပ်ထိုးပေးပါ။ ချင်းခြောက်အမှုန့် သုံးဆ၊ လင်းနေအမှုန့် တစ်ဆ၊ သစ်ကြံပိုးအခေါက်မှုန့် တစ်ဆရောပြီး ရေနွေးနဲ့ဖျော်၊ လက်မောင်းဆုံမှာ အုံစည်းပေးရင် လက်မောင်းကပ်ရောဂါ ပျောက်ကင်းနိုင်ပါတယ်။

---

## ဇလွန်မြို့နယ်၌ ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

ဇလွန် ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်၌ ငရုတ်သီးခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဝင်းဝင်းလှဲ့၏ ပြောပြချက်အရ သိရသည်။

ဇလွန်မြို့နယ်၌ ယခုနှစ် ဇွန်လနောက်ဆုံးပတ်မှစ၍ လက်ရှိအချိန်ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိတွင် ဒေသထွက် ငရုတ်သီးခြောက်များပေါ်နေချိန်ဖြစ်သဖြင့် အဝယ်လိုက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဇလွန်မြို့နယ်မှာ ငရုတ်သီးခြောက်အမျိုးအစားနှစ်မျိုးက ပိုပြီးအရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ ငရုတ်သီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ အခုလို ငရုတ်သီးခြောက်တွေအရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရရှိသလို လယ်ယာလုပ်သားတွေလည်း အဆင်ပြေလာပါတယ်။ ဒီနှစ် ငရုတ်သီးခြောက်ကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာပါ"ဟု ဒေါ်ဝင်းဝင်းလှဲ့က ပြောသည်။

ဇလွန်မြို့နယ်မှ တောင်သူများစိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းပြီး ပိုးမွှားရောဂါနှင့်မှိုအန္တရာယ်ကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက်ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စိုက်ပျိုးသူများနှင့် လုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



# အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၅

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် အီရန်နိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ဘာသာရေးခေါင်းဆောင်ဟောင်း (Supreme Leader) အယာတိုလာ ဆေယဒ်အလီ ခါမေနီ၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့တက်ရောက်ရန် ဇူလိုင်လ ၁ ရက်မှ ၅ ရက်အထိ အီရန်နိုင်ငံသို့ သွားရောက်ခဲ့သည်။





ဇူလိုင်လ ၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြည်ပဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Moosavi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှနှင့် ပစိဖိတ်ဌာနမှ ဌာနအကြီးအကဲ Mr. Azimi တို့က ကြိုဆိုကြသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က အီရန်နိုင်ငံ၏ လတ်တလောအခြေအနေများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပိုမိုခိုင်မာအားကောင်းစေရေး၊ ဒေသတွင်းနှင့်နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်နားလည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ လက်တွေ့ကျပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍစုံတွင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေး တို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။


ဇူလိုင်လ ၃ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တီဟီရန်မြို့ရှိ Imam Khomeini Mosalla ဗလီ၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အကြီးအကဲဖြစ်သူ ကွယ်လွန်သူ ဘာသာရေး ခေါင်းဆောင်ဟောင်းအယာတိုလာဆေယဒ် အလီ ခါမေနီ၏ ဈာပနအခမ်းအနားသို့ တက်ရောက်စဉ် အီရန်အစ္စလာမ်မစ်သမ္မတ နိုင်ငံ ဒုတိယသမ္မတ Mohammad Reza Aref၊ သမ္မတ ဦးစီးရုံးအကြီးအကဲနှင့် ပြည်ထဲရေး ဝန်ကြီးတို့က ခရီးဦးကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် ကွယ်လွန်သူ ဘာသာရေး ခေါင်းဆောင်ဟောင်းအယာတိုလာဆေယဒ် အလီ ခါမေနီ၏ ရုပ်ကလာပ်ကို နိုင်ငံတော် ဂုဏ်ပြုတီးဝိုင်းနှင့်ဂါရဝပြုပြီး အီရန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ Dr. Masoud Pezeshkian နှင့်အတူ အီရန်လွှတ်တော် ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ နိုင်ငံခြားရေး ဝန်ကြီးတို့အား တွေ့ဆုံနှုတ်ဆက်ကာ အီရန် ဘာသာရေးခေါင်းဆောင်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အစိုးရကိုယ်စား ဝမ်းနည်းကြောင်း နှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့သည်။

အဆိုပါနိုင်ငံတော်ဈာပနအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံတကာမှအဆင့်မြင့် ကိုယ်စားလှယ်များနှင့် ဘာသာရေးအဖွဲ့ ခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အိမ်မဲမြို့နယ် ကွန်စခန်းကျေးရွာ၌ ရွှေခရုနှင့်ဥမြုံများအား ကောက်ယူနှိမ်နင်း

အိမ်မဲ ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကွန်စခန်းကျေးရွာ၌ စပါးစိုက်ခင်းများ အတွင်း ရွှေခရုများကျရောက်နေသဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးရွာ ပြည်သူများစုပေါင်း၍ လူထုအင်အားဖြင့် ရွှေခရုနှင့် ဥမြုံများ ကောက်ယူနှိမ်နင်းခြင်းကို ဇူလိုင်လ ၄ ရက်က ဆောင်ရွက်သည်။



ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှတာဝန်ရှိသူများနှင့် ကျေးရွာမှတာဝန်ရှိ သူများပူးပေါင်း၍ ရွှေခရုကြိုတင်ကာကွယ် ရေးအကြောင်းကို ကျေးရွာအတွင်း လက်ကိုင်စပီကာဖြင့် အသိပညာပေးပြောကြားသည်။ ဆက်လက်၍ ရွှေခရုကောက်ပွဲကျင်းပရာ အဆိုပါကျေးရွာမှ ဒေသခံများက စုပေါင်းကောက်ယူနှိမ်နင်းခဲ့ကြောင်း သိရသည်။

"ရွှေခရုတွေက ကုန်းပိုင်းကျတဲ့လယ်တွေကို မဖျက်ဆီးပါဘူး၊ ရေမြုပ်တဲ့လယ်တွေကို ခရုတွေရောက်လာပြီး စပါးပင်အညွန့်တွေကို ကိုက်စားတာပါ။ လယ်သမားတွေ လယ်ယာလုပ်ငန်းခွင်စတင်ချိန်မှာ ရွှေခရုနဲ့ဥမြုံတွေကို လူထုအင်အားနဲ့ ကောက်ယူနှိမ်နင်းတာကြောင့် ဆုံးရှုံးမှုတွေ ဆိုးဆိုးဝါးဝါးမဖြစ်တော့ပါဘူး။ ပြီးခဲ့တဲ့နှစ်ကလည်း အိမ်မဲမြို့နယ် နီစပ်ကြီးကျေးရွာမှာ ရွှေခရုနဲ့ဥမြုံများ ကောက်ယူနှိမ်နင်းပွဲပြုလုပ်ခဲ့ပါသေးတယ်။ အိမ်မဲမြို့နယ်အတွင်း စပါးစိုက်ခင်းတွေမှာ ရွှေခရုတွေကျရောက်နေတဲ့အတွက် ပြင်ဆင်နိုင်ဖို့ သရုပ်ပြတဲ့အနေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေ၊ ဒေသခံလယ်သမားတွေစုပေါင်းပြီး စပါးဖျက်ရွှေခရုနဲ့ဥမြုံတွေကို ကောက်ယူနှိမ်နင်းပွဲ ပြုလုပ်တာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့စံကပြောသည်။

ရွှေခရုနှင့် ဥမြုံများကို လူထုအင်အားဖြင့် ဖယ်ရှားခြင်းသည် ၈၀ ရာခိုင်နှုန်း ထိရောက်သောကြောင့် ရွှေခရုဥမြုံများကို ရေမြှုပ်ခြင်း၊ ထုံးထည့်ခြင်း၊ ခရုများလာရောက်စားသုံးရန် သဘော်ရွက်၊ ငှက်ပျောရွက်တို့ကိုချထားကာ ခရုများစုလာပါက ဖမ်းဆီးခြင်းများပြုလုပ်နိုင်ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

# အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းပြီးစီး

နေပြည်တော် ဇူလိုင် ၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦး၊ ဇေယျာသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကြီးကျေးရွာ၌ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားသည်။

ရွာသစ်ကြီးကျေးရွာ၌ အရှည်ပေ ၁၃၅၀၊ အကျယ် ၁ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၆ လက်မရှိ အုတ်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၂၂ ဒသမ ၅ သန်းအသုံးပြု၍ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လွန်ပရာဘန်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့နံနက်ပိုင်းတွင် လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က ခေတ္တတည်းခိုရာ ဟိုတယ်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီးနှင့် လွန်ပရာဘန်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လွန်ပရာဘန်ပြည်နယ် ပြည်သူများက ဝမ်းမြောက်လှိုက်လှဲစွာဖြင့် ကြိုဆိုမှုအခြေအနေများ၊ နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့်ချစ်ကြည်ရေးခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုအဆင့်မြှင့်တင်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့အကြား မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ လာအိုနိုင်ငံ လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့ (Sister City)များဖြစ်ကြပြီး လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပုဂံနှင့် ကျိုင်းတုံမြို့တို့အကြား ခရီးသွားကဏ္ဍနှင့် ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံခရီးသွားကဏ္ဍအတွက် များစွာအကျိုးဖြစ်စေမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုများဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**❖ လာအိုနိုင်ငံ လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ပုဂံမြို့တို့သည် ညီအစ်မမြို့(Sister City) များဖြစ်ကြပြီး လွန်ပရာဘန်မြို့နှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပုဂံနှင့် ကျိုင်းတုံမြို့ တို့အကြား ခရီးသွားကဏ္ဍနှင့်ကူးလူးဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည် ဆိုပါက နှစ်နိုင်ငံခရီးသွားကဏ္ဍအတွက် များစွာအကျိုးဖြစ်စေမည့်အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး . . .**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်နှင့်ဇနီးတို့က ဘာစီရိုးရာမင်္ဂလာကြိုးဖြူ(Sai Sin) ဖြင့်ချည်နှောင်၍ ဆုတောင်းပေးကြစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် လာအိုရိုးရာဆုတောင်းပွဲ အခမ်းအနား(ဘာစီပွဲတော်) သို့တက်ရောက်ပြီး နိုင်ငံတော်သမ္မတနှင့်လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးတို့က မင်္ဂလာဆီမီးများထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းကြကာ လွန်ပရာဘန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီးနှင့် လွန်ပရာဘန်ပြည်နယ်အစိုးရအဖွဲ့ဝင်များက နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၏လက်များ၌ ဘာစီရိုးရာမင်္ဂလာကြိုးဖြူ(Sai Sin)ဖြင့် ချည်နှောင်၍ ဆုတောင်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည်လွန်ပရာဘန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူးနှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုနေ့လယ်စာစားပွဲသို့တက်ရောက်

---

▼ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီး ဦးသောင်းနိုင်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဇူလိုင်လ ၆ ရက်တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် Linking Event – 3 (အမျိုးသမီး) ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ Linking Event-3 (အမျိုးသား) ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ၄ ပေါက်တန်း(အမျိုးသမီး)ပြိုင်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဇူလိုင်လ ၁ ရက်မှ ၆ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့်ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၇ ရက် ညနေ ၃ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုပ်သံလိုင်းများဖြစ်သည့် MRTV-4 HD Channel နှင့် MRTV Sports Channel တို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

---

## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ (မိုး/ဇလ)

ကြသည်။ ဂုဏ်ပြုနေ့လယ်စာမသုံးဆောင်မီ လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး တို့သည်လွှန်ပရာဘန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူးနှင့်ဇနီး၊ အခမ်းအနားတက် ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ် စာကို အတူတကွသုံးဆောင်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လွှန်ပရာဘန် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က လာအိုရိုးရာ တေးသီချင်းများနှင့် သီဆို၊ တီးမှုတ်၊ ကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီး တွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူးနှင့်ဇနီးနှင့်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိ သည်။ မြဝတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်တို့က မင်္ဂလာဆီမီးများထွန်းညှိပူဇော်၍ လာအိုရိုးရာအစဉ်အလာဖြင့် ဆုမွန်ကောင်းများတောင်းကြစဉ်။



လွှန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ဘွန်လူအမ် မနိဝုန်က ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် ကျေးဇူးတင်စကားပြန်လည်ပြောကြားစဉ်။







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် လွှန်ပရာဘန်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့၏ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၅၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ဝါးခယ်မ ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုး ရာသီတွင်မိုးစပါးဧက ၅၇၀၀၀ ကျော် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် မိုးစပါး ၂၀၃၂၆ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၅၇၀၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်းနှင့်မိုးစပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆက်လက်စိုက်ပျိုးလျက် ရှိကြောင်းသိရသည်။

"ဝါးခယ်မမြို့နယ်မှာမိုးစပါး ၂၀၃၂၆ ဧက စိုက်ပျိုးရာမှာ လက်ရှိ ဧက ၅၇၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးဖို့ကျန်ရှိတဲ့ ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ စပါးစတင်မစိုက်ပျိုးမီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင် ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင်တောင်သူ တွေစိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်း ကောင်းမွန်ဖို့အတွက်လိုအပ်တဲ့ဓာတ်မြေဩဇာ တွေကိုလည်း ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့ အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေ ပါတယ်။ ဓာတ်မြေဩဇာကိုလည်း စိုက်ပျိုး ရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငွေမြင့် ကပြောသည်။

ဝါးခယ်မမြို့နယ်၌ ဆင်းသုခ၊ မနောသုခ၊ GW-11၊ GW-1၊ ပေါ်ဆန်း၊ နံ့ကား၊ ပခမ်း စသည့်စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးကြောင်း၊ အဆိုပါ စပါးအမျိုးအစား များသည် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီ သည့်အတွက် အဓိကထားစိုက်ပျိုးခြင်း ဖြစ်ကြောင်းသိရသည်။

သုတကျော်

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# High-level Myanmar delegation led by President U Min Aung Hlaing, his spouse Daw Kyu Kyu Hla visit Royal Palace Museum in Luang Prabang





President U Min Aung Hlaing and his spouse Daw Kyu Kyu Hla present donations at Wat Xieng Thong Temple.

NAY PYI TAW July 5

President of the Republic of the Union of Myanmar U Min Aung Hlaing and his spouse Daw Kyu Kyu Hla and delegation members, during the State Visit to the Lao People's Democratic Republic, visited the Royal Palace Museum in Luang Prabang this morning.

The President, his spouse and delegation members left Wattay International Airport in Vientiane for Luang Prabang. They were warmly seen off at the airport by Minister at the President's Office of Laos Mrs Phongsamouth Anlavan, senior officers from the Lao Government, and officials along with the Guard of Honour.

On arrival at Luang Prabang International Airport, the President-led high-level Myanmar delegation was welcomed by Secretary of the Luang Prabang Provincial Party Committee Mr Bounleuam Manivong, his wife and officials. So also, the President and his spouse were also welcomed by scout youth along both sides of the red carpet by waving flags of both countries.

At the Royal Palace Museum, they were welcomed by officials.

The President, his spouse and party paid homage to Laos' ancient Buddha Image Phra Bang in the museum and offered oil light and flowers. They donated the golden lotus robes, a scale model of Maravijaya Buddha Image for public obeisance and the record book on construction of the image to an official. The President, his spouse and party also visited the chamber of the Buddha Image. Officials conducted them round the museum.

The Phra Bang Buddha Image is located to the right of the entrance to

See Page - 21



President U Min Aung Hlaing visits Royal Palace Museum in Luang Prabang.



President U Min Aung Hlaing and his spouse Daw Kyu Kyu Hla being seen off at the airport by senior officials of Laos.



President U Min Aung Hlaing and his spouse Daw Kyu Kyu Hla being welcomed by senior officials of Laos at the international airport in Luang Prabang.

# High-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing & wife Daw Kyu Kyu Hla arrives back form LPDR

NAY PYI TAW July 5

Paying a State Visit to Lao People's Democratic Republic at the invitation of LPDR President Mr. Thongloun Sisoulith, a high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and his wife Daw Kyu Kyu Hla left the international airport in Luang Prabang this afternoon.

The high-level delegation was seen off at the airport by senior officers of the LPDR led by Deputy Prime Minister, Minister of Foreign Affairs and Minister in Attendance Mr. Thongsavanh Phomvihane and his wife, Myanmar Ambassador to Laos U Aung Ko and wife, Myanmar Military Attaché (Army, Navy and Air) Brig-Gen Yaza Tun and his wife and officials.

During the farewell, members of Scout Lao waved the national flags of the two countries and cordially bade farewell to the President and his wife on both sides of the red carpet.




President U Min Aung Hlaing and his spouse Daw Kyu Kyu Hla being seen off by the scouts of Laos.



President of the Republic of the Union of Myanmar U Min Aung Hlaing arrives back to Myanmar.

The special flight carrying the President and his wife arrived back at the Tatmadaw Airport in Nay Pyi Taw in the evening and were welcomed back by Vice President U Nyo Saw and his wife, Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dway and his wife, Commander-in-Chief of Defence Services General Ye Win Oo and his wife, union ministers and their wives, the chairman of Nay Pyi Taw Council, the commander of Nay Pyi Taw Command and officials from the Laos Embassy and the Office of the Military Attaché.

The President and his wife were accompanied by union ministers U Khin Maung Yi, U Tin Maung Swe and U Khin Maung Soe, Shan State Chief Minister U Sai Htein Soe, senior military officers from the Office of the Commander-in-Chief, deputy ministers and officials.

During the State Visit, the President met with the President, the speaker of the Lao National Assembly and the Prime Minister of the LPDR as well as with party committee secretary of Luang Prabang Province, observed small and medium enterprises of Laos and visited historic pagodas, religious edifices and landmarks there.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Putin, Trump hold phone call on Ukraine, bilateral ties on U.S. Independence Day

MOSCOW July 5

Russian President Vladimir Putin held a telephone conversation with U.S. President Donald Trump on Saturday, according to Russian presidential aide Yuri Ushakov.

The United States is commemorating the 250th Anniversary of the nation's founding on Saturday, its Independence Day. Ushakov confirmed that Putin congratulated Trump on the holiday.

"This conversation, the fourth such exchange this year, was naturally not merely a routine protocol exchange but business-focused and highly constructive. It allowed for a frank discussion of pressing issues on the bilateral and international agenda," the presidential aide noted.

During the dialogue, Putin laid out the real battlefield situation, where Russian troops are advancing along the full line of contact. Ushakov stressed that European nations hold a flawed perception of the overall dynamics and ground realities along the contact line amid the Ukraine conflict.

On bilateral ties, the two presidents underscored the importance of sustaining consistent communication, including on military-political and economic fronts. "There exist vast prospects for mutually beneficial cooperation between our two nations in these spheres. Trump stressed that an early resolution to the Ukraine conflict would serve as a prerequisite to unlocking such cooperation," Ushakov said.

**Xinhua**

# Russia remains Venezuela's partner, plans to deepen cooperation - Foreign Ministry

MOSCOW July 5

Russia and Venezuela remain good partners despite the difficulties that the South American country currently experiences, and they will continue deepening cooperation, the Russian Foreign Ministry said on Sunday.

"Guided by historically established fraternal ties, Russia and Venezuela remain reliable partners today, despite all difficulties," the ministry wrote on Telegram.

Alexander Shchetinin, director of the Russian Foreign Ministry's Latin American Department, said Russia was committed to building constructive relations based on friendship and mutually beneficial cooperation with the peoples of Latin America, including Venezuela.

"We are focused on deepening cooperation with Caracas across a wide range of areas. We count on continued interaction in the international arena, strengthening the Group of Friends in Defence of the UN Charter and advancing our common course towards building a just and multipolar world order," he said.

Venezuela celebrates the 215th Anniversary of its independence from Spain this Sunday. The anniversary was overshadowed by devastating twin earthquakes that rocked Venezuela on June 24. The Russian ministry said Russia mourned the tragic loss of life and reiterated its unwavering solidarity with Venezuelans.

**Sputnik**

# Eight shot in New York on Fourth of July



NEW YORK July 5

Eight people, including four children, were shot on Saturday night in New York City's Coney Island, according to local police.

An unknown man dressed in black and wearing a black ski mask approached and fired multiple rounds on a family barbecue in the front yard of an apartment building, said New York Police Department commissioner Jessica Tisch. Coney Island is located in the borough of Brooklyn.

A 21-year-old woman shot in the chest is in critical condition, and the remaining victims are in stable condition, said Tisch in a briefing on Sunday morning. The four children's ages range from 6 to 14 years old, she added.

The police recovered a firearm at the scene. No arrests have been made, and the investigation is ongoing, said Tisch.

Moreover, a police officer was shot in the vest in an unprovoked shooting in the Brooklyn neighborhood of Crown Heights in the early morning on Sunday.

The detective suffered minor injuries and was taken to hospital for treatment.

An 18-year-old suspect has been arrested with a gun recovered, according to Tisch.

There were many outdoor activities in New York City to celebrate Independence Day, or the Fourth of July, marking the United States' 250th Anniversary.

**Xinhua**

# Archaeologists discovers 23,000-year-old rock engravings at Portugal's Coa Valley


LISBON July 5

Archaeologists have discovered several prehistoric rock engravings estimated to be more than 23,000 years old at Portugal's Coa Valley Archaeological Park, according to the reports of Lusa news agency on Sunday.

The findings were made on the so-called "Rock 9" of the Fariseu archaeological site, where excavation work began in 2020 and where the world's largest known aurochs engraving -- a 3.5-meter depiction of a wild bull on a schist -- was found on the same year, said the reports quoting researchers.

Two new complete engravings were discovered, along with others still under study, bringing the total number of motifs recorded on Rock 9 to 40.

The new engravings belong to the Solutrean period, a cultural stage of the Upper Palaeolithic characteristic of Western Europe and the Iberian Peninsula, broadly dated between 20,000 and 15,000 BC.



The Fariseu site is part of the Coa Valley Archaeological Park, a UNESCO World Heritage Site spanning 20,000 hectares across the Guarda and Braganca districts.

**Xinhua**

# Many areas submerged after heavy rains in parts of India

NEW DELHI July 5

Incessant rains over the past few days caused floods in several areas in central, west and southwest India, while a red alert for heavy rains was sounded in New Delhi on Sunday.

At least four people had died in rains-related incidents in the country's financial capital Mumbai, according to local media reports. Power supply was cut in many areas, and several flights were canceled or diverted from the Mumbai airport amid heavy rains on Sunday.

Areas in the central state of Madhya Pradesh, particularly Bhopal and Ujjain, and Rajkot and Junagarh areas of the western state of Gujarat received heavy rains over the past few days, leading to water-logging.

In Madhya Pradesh's Ujjain city, cars and other vehicles were seen being swept away by floods.

Meanwhile, rains disrupted normal life in the national capital, as 15 flights were diverted from the Delhi Airport amid rough weather. The India Meteorological Department sounded a red alert for heavy rains in New Delhi over the next 24 hours.

**Xinhua**

# President of the Republic of the Union of Myanmar U Min Aung Hlaing receives Secretary of Luang Prabang Provincial Party Committee




President U Min Aung Hlaing takes part in the Lao traditional praying ceremony (Baci Festival).

NAY PYI TAW July 5

Secretary of the Luang Prabang Provincial Party Committee Mr. Bounleuam Manivong paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing, who was on a State Visit to Luang Prabang in Lao People's Democratic Republic, this morning at the hotel the President is temporarily staying.

Also present at the call together with the President were his spouse Daw Kyu Kyu Hla and members of the high-level Myanmar delegation. The Luang Prabang Provincial Party Committee Secretary was accompanied by his wife and officials of the provisional government.

At the meeting, cordial discussions were centered on the heartly welcome accorded to the President, his spouse, and the high-level Myanmar delegation by the people of the Luang Prabang Province, opportunities created by the State Visit led by the President and his spouse to further deepen friendship between the two countries, cooperation between Myanmar and Laos as the two strategic partners, the two sister cities -- Luang Prabang in Laos and Bagan in Myanmar, benefits for the tourism sector of the two countries by promoting tourism and interactions between Luang Prabang in Laos and Yangon, Mandalay, Bagan and Kengtung in Myanmar, and the continued elevation of friendship and cooperation in multiple sectors.



President of the Republic of the Union of Myanmar U Min Aung Hlaing receives Secretary of the Luang Prabang Provincial Party Committee Mr. Bounleuam Manivong.

After the call, the President and his spouse attended the Lao traditional praying ceremony (Baci Festival). The President and the Party Committee Secretary lighted the auspicious oil lamps, and said prayers in accord with the Lao tradition. The Party Committee Secretary, his wife and members of the provisional government tied auspicious white cotton threads (Sai Sin) around the hands of the President, his spouse and members of the delegation, and made wishes.

The President and spouse attended the honorary luncheon hosted by the Party Committee Secretary and wife. Before the luncheon, the Party Committee Secretary extended greets and the President spoke words of thanks.

Afterward, the President and spouse enjoyed the luncheon together with the Party Committee Secretary and wife and attendees.

Before and during the luncheon, a cultural troupe of Luang Prabang Province staged traditional songs, music and dances.

After the luncheon, the President and wife cordially greeted the Party Committee Secretary and wife and members.

**Myawady**

---

■■ **From Page - 18**

the Royal Palace Museum. It was cast in Sri Lanka in the 1st Century and was presented by the Khmer King to his son-in-law, the Lao King Fa Ngum, as a gift in 1359. The temple housing the Buddha image was first constructed in 1963. However, construction was interrupted by the civil war and resumed in 1990 before the temple was officially inaugurated in 2006.

The President, his spouse and party viewed round royal regalia used by ancient Lao kings displayed at the Royal Palace Museum. Officials conducted them round the museum.

The President signed the visitors' book of the museum. The President and his spouse had documentary photos taken together with delegation members.

The Royal Palace Museum is situated on the bank of the Mekong River and has been preserved as one of the country's most revered sites. Originally, the palace was constructed entirely of teak. During its reconstruction, however, teak was replaced with brick, incorporating a blend of French Beaux-Arts design and traditional Lao architectural styles. Following the Lao takeover in 1975, the monarchy was abolished, and the royal family was required to leave the palace. It was subsequently converted into the National Museum. In 1995, UNESCO officially designated the entire city of Luang Prabang as a World Heritage Site. As part of that designation, the Royal Palace Museum was recognized as a key component of the city's historic heritage core zone. The museum received this distinction for its outstanding fusion of French colonial architecture and traditional Lao artistic craftsmanship.

In the afternoon, the President, his spouse and party paid homage to Wat Xieng Thong Temple. They were welcomed by officials.

They also paid homage to the Buddha Image in the temple and offered oil light, flowers and golden lotus robes and donated a scale model of Maravijaya Buddha Image for public obeisance and a record book on construction of the image.

The President and his spouse and party paid homage to ancient Buddha images in the temple. The President, his spouse and party had documentary photos taken.

Wat Xieng Thong Temple was built during the reign of King Saya Setthathirath in the 16th Century and was completed in 1560. It is regarded as one of the most remarkable examples of traditional Lao craftsmanship and architecture. The temple is particularly renowned for its gilded mosaic mural depicting the Tree of Life and the distinctive roof design of its ordination hall. It is widely believed that those who visit and pay homage at Wat Xieng Thong while in Luang Prabang Province will be blessed with good health, happiness, prosperity, and success. With its intricately gilded facade and colorful gold-and-glass mosaic decorations, the temple is considered one of the most beautiful Buddhist temples in Asia and attracts large numbers of tourists from around the world. **Myawady**

# စစ်မှန်သော အာကာသအချုပ်အခြာအာဏာအတွက် ရုရှားရဲ့ Rassvet ဂြိုဟ်တုများ

**ရုရှားရဲ့ Rassvet ကတော့ သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားရှိရာ ရုရှားအာတိတ်၊ ဆိုက်ဘေးရီးယားနဲ့ ခရိုင်းမီးယားဒေသတွေမှာ တည်ငြိမ်တဲ့ အင်တာနက်လိုင်းအပြည့်အဝရရှိဖို့ အဓိကဦးတည်ဖန်တီးထား**



လက်ရှိကမ္ဘာ့အာကာသနည်းပညာနဲ့ စစ်ရေးမဟာဗျူဟာလောကမှာ စိတ်ဝင်စားစရာအကောင်းဆုံးအကြောင်းအရာတစ်ခုကတော့ ရုရှားနိုင်ငံရဲ့ ကိုယ်ပိုင်ပတ်လမ်းနိမ့်ဂြိုဟ်တုကွန်ရက်အကြောင်းပဲဖြစ်ပါတယ်။ ရုရှားသမ္မတ ဗလာဒီမာပူတင်ကိုယ်တိုင်က သူတို့ရဲ့ဂြိုဟ်တုနည်းပညာဟာ အီလွန်မတ်ရဲ့ Starlink ထက်မနိမ့်ကျတဲ့အပြင် တချို့အရေးကြီးကဏ္ဍတွေမှာ ပိုသာနိုင်မယ်လို့ လူသိရှင်ကြားပြောထားပါတယ်။ ရုရှားဟာ Rassvet လို့ခေါ်တဲ့ ပြည်တွင်းဖြစ် မျိုးဆက်သစ်လှိုင်းကျယ်ကွန်ရက်အနေနဲ့ ဂြိုဟ်တုဒါဇင်ပေါင်းများစွာကို ဒီနှစ်ထဲမှာတင်လွှတ်တင်ဖို့ အရှိန်အဟုန်မြှင့် ပြင်ဆင်နေပါပြီ။ ဒါဟာ ရုရှားနိုင်ငံကို ကမ္ဘာနဲ့အဆက်အသွယ်မပြတ်စေဘဲ စစ်ရေးမှာသာမက အရပ်ဘက်မှာပါ အကာအကွယ်ပေးမယ့် အာကာသအချုပ်အခြာအာဏာတစ်ခုကို တည်ဆောက်ဖို့ ကြိုးပမ်းမှုဗဟိုချက်ဖြစ်ပါတယ်။

ရုရှားရဲ့ အရပ်ဘက်အာကာသကုမ္ပဏီဖြစ်တဲ့ Bureau 1440 ရဲ့ကြပ်ကဲမှုအောက်မှာရှိတဲ့ Rassvet ဂြိုဟ်တုတွေရဲ့ ခရီးစဉ်ဟာ ၂၀၂၃ ခုနှစ်မှာ စမ်းသပ်ဂြိုဟ်တု ၃ လုံးနဲ့ စတင်မိတ်ဆက်ခဲ့တာဖြစ်ပြီး ၂၀၂၄ ခုနှစ်မှာ ဒုတိယအကြိမ်စမ်းသပ်မှုကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ်မတ်လမှာတော့ Bureau 1440 ဟာ စီးပွားဖြစ်အဆင့်အသုံးပြုနိုင်မယ့် ပထမအသုတ်အဖြစ် ဂြိုဟ်တု ၁၆ လုံးကို အာကာသပတ်လမ်းထဲမှာ အောင်မြင်စွာ ဖြန့်ကြက်ချထားနိုင်ခဲ့ပါတယ်။

နည်းပညာပိုင်းအရ ကြည့်မယ်ဆိုရင် ဒီဂြိုဟ်တုတွေဟာ ရိုးရိုးဆက်သွယ်ရေးဂြိုဟ်တုတွေ မဟုတ်ကြပါဘူး။ သူတို့ဟာ အာကာသထဲပျံသန်းနေတဲ့ 5G အခြေစိုက်စခန်းတွေအဖြစ် အလုပ်လုပ်ကြတာပါ။ တစ်လုံးနဲ့တစ်လုံးကြားထဲမှာလည်း လေဆာဆက်သွယ်ရေးစနစ်နဲ့ ချိတ်ဆက်ထားတာဖြစ်တဲ့အတွက် အချက်အလက်တွေကို တစ်စက္ကန့်လျှင် ၁ ဂစ်ဂါဘစ်နှုန်းအထိအရှိန်အဟုန်ပြင်းပြင်းနဲ့ ပေးပို့နိုင်စွမ်းရှိပါတယ်။ ဒ့ါအပြင်ကွန်ရက်တစ်ခုရဲ့ တုံ့ပြန်မှုကြာချိန်ဟာ ၇၀ မီလီစက္ကန့်သာရှိတာမို့ မြေပြင်ကနေသုံးစွဲတဲ့အခါ အလွန်လျင်မြန်သွက်လက်နေမှာပါ။ နောက်ဆုံးထွက်ရှိလာတဲ့ Rassvet-3 မော်ဒယ်ဆိုရင် ဂြိုဟ်တုတစ်လုံးတည်းကိုတင် အလေးချိန် ၃၇၀ ကီလိုဂရမ်အထိ ရှိပါတယ်။ ဒါဟာ ၂၀၂၃ နဲ့ ၂၀၂၄ တုန်းက ထုတ်လုပ်ခဲ့တဲ့ပုံစံတွေထက်ပိုလေးပြီး နည်းပညာပိုင်းပိုမိုစုံလင်လာတာကို ပြသနေတာပါ။ အခုလိုမျိုး အဆင့်မြင့်အာကာသစီမံကိန်းတစ်ခုလုံးအတွက် ရူဘယ် ၅၁၅ ဘီလီယံ အထိအကုန်အကျခံသုံးစွဲသွားမယ်လို့ သိရပါတယ်။

ပတ်လမ်းဒီဇိုင်းနဲ့ မဟာဗျူဟာအမြင်ကိုကြည့်ရင် အီလွန်မတ်ရဲ့ Starlink နဲ့ ရုရှားရဲ့ Rassvet တို့ကြားမှာ အဓိကကွာခြားတဲ့ ဒီဇိုင်းအတွေးအခေါ်ကို သတိပြုဖို့လိုပါတယ်။ Starlink ဟာ ကမ္ဘာ့မြေပြင်နဲ့ ပိုမိုနီးကပ်တဲ့ ပတ်လမ်းနိမ့်မှာ ပျံသန်းနေတာဖြစ်ပြီး မြေပြင်မှာလိုင်းမိဖို့အတွက် ဂြိုဟ်တုအသေးစားပေါင်း ထောင်နဲ့ချီပြီး လွှတ်တင်တဲ့စနစ်ကိုသုံးပါတယ်။ တစ်ဖက်မှာတော့ ရုရှားရဲ့ Rassvet က ပိုမြင့်မားတဲ့ ပတ်လမ်းဖြစ်တဲ့ ကီလိုမီတာ ၈၀၀ ဝန်းကျင်ကနေ လည်ပတ်ဖို့ရွေးချယ်ထားပါတယ်။ ဘာကြောင့် ဒီလိုအမြင့်ကို ရွေးချယ်ရသလဲဆိုရင် ကုန်ကျစရိတ်၊ ဂြိုဟ်တုသက်တမ်းနဲ့ လွှမ်းခြုံနိုင်မယ့် မြေပြင်ဧရိယာတို့ကိုမျှတအောင်တွက်ချက်ထားလို့ ဖြစ်ပါတယ်။ ပတ်လမ်းပိုမြင့်တဲ့အတွက် ဂြိုဟ်တုအရေအတွက်နည်းနည်းလေးနဲ့တင် မြေပြင်ဧရိယာအကျယ်ကြီးကို လွှမ်းခြုံနိုင်မှာဖြစ်ပြီး ဂြိုဟ်တုတွေရဲ့ သက်တမ်းလည်း ပိုမိုရှည်ကြာနိုင်ပါတယ်။ တုံ့ပြန်မှုကြာချိန် အနည်းငယ်ပိုများနိုင်ပေမယ့် ရုရှားရဲ့ပထဝီဝင်အနေအထားအရ ဒါဟာ ပိုမိုကိုက်ညီမှုရှိတဲ့ ရွေးချယ်မှုတစ်ခုဖြစ်လာပါတယ်။

RocketLaunch.Live ဝက်ဆိုက်ရဲ့ ဖော်ပြချက်အရ ဒုတိယအသုတ်ဖြစ်တဲ့ Rassvet-3 ဂြိုဟ်တု ၁၆ လုံးကို ဒုတိယနှစ်ဝက်ကာလအတွင်း ရုရှားမြောက်ပိုင်းမှာရှိတဲ့ ပလက်ဆက်အာကာသစခန်းမှ Soyuz-2 ဒုံးပျံကိုသုံးပြီး လွှတ်တင်ဖို့စီစဉ်ထားတယ်လို့သိရပါတယ်။ ဒီလွှတ်တင်မှုဟာ စစ်ရေးနဲ့ အမျိုးသားလုံခြုံရေးအရကိစ္စဖြစ်တာကြောင့် တိကျတဲ့ ရက်စွဲနဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ ရုရှားနိုင်ငံက တင်းကျပ်စွာလျှို့ဝှက်ထားပါတယ်။ ရုရှားရဲ့ ရေရှည်စီမံကိန်းကတော့ ၂၀၂၆ ခုနှစ်အကုန်မှာ ပတ်လမ်းအတွင်း Rassvet ဂြိုဟ်တုပေါင်း ၁၅၆ လုံး ရှိနေစေဖို့ဖြစ်ပြီး ကာကွယ်ရေးနဲ့ အရပ်ဘက်ကွန်ရက် အပြည့်အဝအလုပ်လုပ်နိုင်မယ့် ၂၀၃၅ ခုနှစ်မှာတော့ ဂြိုဟ်တုပေါင်း ၉၀၀ ဝန်းကျင်အထိရှိလာအောင် တိုးမြှင့်သွားဖို့ ရည်မှန်းထားပါတယ်။

ခေတ်သစ်စစ်ပွဲမှာ ဂြိုဟ်တုအင်တာနက်ဟာ ဘယ်လောက်အရေးပါတယ်ဆိုတာကို ယူကရိန်းစစ်ပွဲက သက်သေပြပြီးပါပြီ။ ယူကရိန်းစစ်တပ်ဟာ အီလွန်မတ်ရဲ့ Starlink ကွန်ရက်ကိုသုံးပြီး ရှေ့တန်းကဒရုန်းတိုက်ခိုက်မှုတွေကို ပေါင်းစပ်ညှိနှိုင်းတာ၊ စစ်မြေပြင်အချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီဖလှယ်တာတွေ လုပ်နိုင်ခဲ့လို့ ရုရှားရှေ့တန်းတပ်ဖွဲ့တွေကို အကြီးအကျယ် ဒုက္ခပေးနိုင်ခဲ့တာပါ။ အခုဆိုရင် ရုရှားသမ္မတ ပူတင်ကလည်း သူတို့အနေနဲ့ ဂြိုဟ်တုအခြေပြု ထိန်းချုပ်မှုစနစ်ပါဝင်တဲ့ အကြီးစားတိုက်ခိုက်ရေးဒရုန်းတွေကို တီထွင်ဖန်တီးနေပြီလို့အတည်ပြုထားပါတယ်။ ဒီနေရာမှာ Rassvet ဂြိုဟ်တုတွေက အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်လာမှာပါ။ Rassvet ဟာ အာကာသထဲကနေ မြေပြင်ကို အချက်အလက်ပေးပို့ရာမှာ 5G Non-terrestrial Network ပေါ်မှာ အခြေခံထားတာကြောင့် ရန်သူ့ဘက်က အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းလမ်းတွေ၊ လှိုင်းနှုန်းဖြတ်စက်တွေနဲ့ဖျက်ဆီးဖို့ အလွန်ခက်ခဲပါတယ်။

Rassvet ဂြိုဟ်တုတွေဟာ စစ်မြေပြင်အတွက်တင်မကဘဲ ရုရှားလို ကျယ်ပြောလှတဲ့ နိုင်ငံကြီးတစ်ခုရဲ့ အနာဂတ်လူမှုစီးပွားဘဝအတွက်ပါ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အဦ ဖြစ်လာဖို့ရှိနေပါတယ်။ ရုရှားနိုင်ငံရဲ့နယ်မြေဟာ အလွန်ကျယ်ဝန်းတာကြောင့် တစ်နိုင်ငံလုံးကို ဖိုက်ဘာအင်တာနက်ကေဘယ်တွေ လိုက်သွယ်ဖို့ ဒါမှမဟုတ် ဖုန်းတာဝါတိုင်တွေလိုက်စိုက်ဖို့ဆိုတာ ငွေကြေးအရသာမက နည်းပညာအရပါ မဖြစ်နိုင်သလောက်ပါပဲ။ အထူးသဖြင့် ရုရှားရဲ့ စတပ်လွင်ပြင်တွေနဲ့ တွန်ဒရာဒေသတွေမှာဆိုရင် ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကြောင့် ရာစုနှစ်များစွာ အေးခဲနေတဲ့ မြေအောက်ရေခဲပြင်တွေ အရည်ပျော်ပြီး မြေသားနိမ့်ဆင်းရွေ့လျားတာမျိုးကြုံတွေ့နေရတာမို့ မြေပြင်တာဝါတိုင်စိုက်ထူခြင်းဟာ ရေရှည်မှာ အဆင်မပြေပါဘူး။ ဒါကြောင့်ဝေးလံသော်လည်း မဟာဗျူဟာမြောက် အလွန်အရေးပါတဲ့ အာတိတ်စက်ဝိုင်းဒေသနဲ့ အရှေ့ဖျားဒေသတွေအတွက် ဂြိုဟ်တုအင်တာနက်ဟာ တစ်ခုတည်းသော အကောင်းဆုံးအဖြေဖြစ်လာပါတယ်။

Starlink နဲ့ Rassvet တို့ကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် အနောက်နိုင်ငံ မီဒီယာတွေနဲ့ရုရှားအာကာသအေဂျင်စီကိုယ်တိုင်က Rassvet ကို Starlink ရဲ့ ပြိုင်ဘက်လို့တင်စားကြပေမယ့် သူတို့နှစ်ဦးကြား ဒီဇိုင်းပိုင်းနဲ့ ဈေးကွက်ဗျူဟာပိုင်း ကွာခြားချက်တွေ အများကြီးရှိပါတယ်။ SpaceX ကုမ္ပဏီဟာ Starlink ရဲ့ လွှမ်းခြုံမှုကို ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနဲ့ စီးပွားရေးအရ အကျိုးအမြတ်အများဆုံးရနိုင်တဲ့ မြောက်အမေရိက၊ ဥရောပနဲ့ အာရှပစိဖိတ်ဒေသအချို့မှာသာဗဟိုပြုထားပြီး ရုရှား၊ ဘယ်လာရုစ်၊ တရုတ်နဲ့ အာဖရိကနိုင်ငံများစွာကို ကန့်သတ်ချန်လှပ်ထားပါတယ်။ ရုရှားရဲ့ Rassvet ကတော့ သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားရှိရာ ရုရှားအာတိတ်၊ ဆိုက်ဘေးရီးယားနဲ့ ခရိုင်းမီးယားဒေသတွေမှာ တည်ငြိမ်တဲ့အင်တာနက်လိုင်းအပြည့်အဝရရှိဖို့ အဓိကဦးတည်ဖန်တီးထားတာဖြစ်ပါတယ်။ နည်းပညာပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာလည်း နှစ်ခုစလုံးဟာ သာမန်မိုဘိုင်းဖုန်းတွေနဲ့ တိုက်ရိုက်ချိတ်ဆက်နိုင်တဲ့နည်းပညာသုံးနိုင်ကြပေမယ့် ရုရှားဂြိုဟ်တုအဖွဲ့ကတော့ ပိုမိုသစ်လွင်တဲ့ 5G စနစ်ကိုသာ သီးသန့်အသုံးပြုထားတာ ဖြစ်ပါတယ်။

အခုလိုမျိုးတွေ ဖန်တီးလာနိုင်တာဟာ ရုရှားနိုင်ငံရဲ့ ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာအတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုလို့ပြောရင်မမှားပါဘူး။ ရုရှားရဲ့ ကိုယ်ပိုင်ဂြိုဟ်တုကွန်ရက်ဟာ အနောက်အုပ်စုရဲ့ ပိတ်ဆို့မှုဒဏ်ကိုခံနေရတဲ့ ရုရှားအတွက်တော့ အရေးအကြီးဆုံး နည်းပညာဆိုင်ရာအောင်မြင်မှုကြီးတစ်ခုလည်းဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ရုရှားရဲ့ဆက်သွယ်ရေးအခြေခံအဆောက်အဦအများစုဟာ ထိခိုက်လွယ်ပြီး ရန်သူက အလွယ်တကူဖြတ်တောက်နိုင်တဲ့ ပင်လယ်ရေအောက်ကေဘယ်တွေ၊ ကုန်းတွင်းနိုင်ငံဖြတ်ကျော်ကေဘယ်တွေနဲ့ နိုင်ငံခြားကထိန်းချုပ်ထားတဲ့ ဂြိုဟ်တုကွန်ရက်တွေပေါ်မှာပဲ မှီခိုနေရဆဲဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် အာတိတ်ဒေသရေခဲပြင်တွေ အရည်ပျော်လာတဲ့အခါ အဲဒီဒေသဟာ ကမ္ဘာ့ကုန်သွယ်ရေးအတွက်အရေးပါတဲ့ ရေလမ်းကြောင်းအသစ်ဖြစ်လာမှာပါ။ Rassvet ဂြိုဟ်တုတွေဟာ အာတိတ်ရေလမ်းကြောင်းမှာရှိမယ့် သင်္ဘောတွေ၊ တပ်ဖွဲ့တွေအတွက် ဆက်သွယ်ရေးပြတ်တောက်မှုမရှိအောင် အပြည့်အဝဖြည့်ဆည်းပေးနိုင်စွမ်းရှိပါတယ်။ ဒါဟာ ရုရှားနိုင်ငံအတွက် နှစ်များစွာစောင့်စားလာရတဲ့ ဒစ်ဂျစ်တယ်အချုပ်အခြာအာဏာကို လက်တွေ့ပိုင်ဆိုင်လာရတာဖြစ်ပါတယ်။

အနှစ်ချုပ်ပြီးပြောရရင်တော့ ရုရှားရဲ့ Rassvet ဂြိုဟ်တုကွန်ရက်ဟာ Starlink နဲ့ ဂြိုဟ်တုအရေအတွက်ချင်း လိုက်လံပြိုင်ဆိုင်နိုင်မှာမဟုတ်ပါဘူး။ တကယ်တမ်းမှာလည်း အဲဒီလိုမျိုးပြိုင်နေဖို့မလိုပါဘူး။ ဒီစီမံကိန်းဟာ ဈေးကွက်ထဲမှာ အီလွန်မတ်ကိုအနိုင်ယူပြီး ပိုက်ဆံရှာဖို့ မဟုတ်ပါဘူး။ ရုရှားနိုင်ငံရဲ့ စစ်မှန်တဲ့ရည်ရွယ်ချက်က အနောက်နိုင်ငံများရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အစိုးရတွေရဲ့ညှာတာမှုအပေါ်မှာ မှီခိုနေစရာမလိုဘဲ ဘယ်အချိန်ဖြစ်ဖြစ် လွတ်လပ်လုံခြုံစွာ အသုံးပြုနိုင်စေမယ့် အမျိုးသားဆက်သွယ်ရေးကိရိယာတစ်ခုပိုင်ဆိုင်ထားဖို့ပဲဖြစ်ပါတယ်။

ပြည်တွင်းဖြစ်ဂြိုဟ်တုတွေကို ကိုယ်တိုင်တီထွင်နိုင်ခြင်းဟာ ခေတ်သစ်ဒရုန်းစစ်ဆင်ရေးတွေနဲ့ ရှေ့တန်းစစ်မျက်နှာပြင်ဆက်သွယ်ရေးတွေမှာ ရန်သူ့အပေါ်ကို အသာစီးရစေမှာဖြစ်သလို တစ်ဖက်မှာလည်း ကေဘယ်ကြိုးသွယ်ဖို့ခက်ခဲလွန်းတဲ့ ဆိုက်ဘေးရီးယားနဲ့ အရှေ့ဖျားဒေသတွေအထိ အင်တာနက်လိုင်းလွှမ်းခြုံမှုကို လက်တွေ့ကျကျပေးနိုင်မှာပါ။ Rassvet ဟာ Starlink ရဲ့ အတိုင်းအတာပမာဏကို ယှဉ်နိုင်သည်ဖြစ်စေ၊ မယှဉ်နိုင်သည်ဖြစ်စေ ဒါဟာ အဓိကမဟုတ်တော့ပါဘူး။ Rassvet ဂြိုဟ်တုကွန်ရက်ရဲ့ စစ်မှန်တဲ့တန်ဖိုးဆိုတာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ရုရှားနိုင်ငံအနေနဲ့ ဘယ်သူ့ရှေ့မှာမှ ဒူးထောက်စရာမလိုတဲ့ “စစ်မှန်သော အာကာသအချုပ်အခြာအာဏာ”ကိုပေးစွမ်းနိုင်ခြင်း၌သာ တည်ရှိနေတဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**Ref: RT**

ထက်မြတ်

# တောင်ကိုရီးယားက ၂၀၃၅ ခုနှစ်တွင် ကိုယ်ပိုင်ဂြိုဟ်တုကွန်ရက် တည်ဆောက်မည်



**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံက ၂၀၃၅ ခုနှစ်တွင် ကိုယ်ပိုင်ကမ္ဘာပတ်လမ်း အနိမ့် ဂြိုဟ်တုဆက်သွယ်ရေး ကွန်ရက်တည်ဆောက်သွားမည်ဖြစ်ပြီး လပေါ်ဆင်းသက်မှုအစီအစဉ်ကို ၂၀၃၀ ပြည့်နှစ်သို့ ရှေ့တိုးဆောင်ရွက်မည့်မဟာဗျူဟာတစ်ရပ်ကို အတည်ပြုလိုက်ကြောင်း Yonhap သတင်းဌာနကဖော်ပြထားသည်။

အဆိုပါမဟာဗျူဟာစီမံကိန်းကို သမ္မတ လီဂျေမြောင်က သဘာပတိအဖြစ်ဆောင်ရွက်သည့် အမျိုးသားအာကာသကော်မတီအစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။ စီမံကိန်းအရ တောင်ကိုရီးယားနိုင်ငံသည် ကိုယ်ပိုင်ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်ကို ထူထောင်နိုင်ရန် ၂၀၃၅ ခုနှစ်တွင် ဂြိုဟ်တုရာပေါင်းများစွာကိုလွှတ်တင်သွားမည်ဖြစ်သည်။

အာကာသနယ်ပယ်၌ထိပ်တန်းနိုင်ငံများသည် အဆိုပါဂြိုဟ်တုကွန်ရက်များတည်ဆောက်ရန်ပြိုင်ဆိုင်နေကြောင်း၊ ယင်းစနစ်သည် အမျိုးသားလုံခြုံရေးနှင့် ဆက်သွယ်ရေး အချုပ်အခြာအာဏာကို ကာကွယ်ရန် အရေးပါသည့်အပြင် မျိုးဆက်သစ် 6G ခေတ်အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကိုရီးယားလေကြောင်းအာကာသကွပ်ကဲမှုဌာနကပြောသည်။

**Ref: Xinhua**

# ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့၌ တောမီးများ အပြင်းအထန်လောင်ကျွမ်းနေ



**ပဲရစ်၊ တောမီး**

ဥရောပဒေသအတွင်း အပူလှိုင်းဖြတ်သန်းမှုဒဏ်ကို ပြင်းထန်စွာခံစားနေရစဉ် ဇူလိုင်လ ၅ ရက်တွင် အပူချိန်များ ပိုမိုမြင့်တက်လာမှုနှင့်အတူ ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့၌ တောမီးများအပြင်းအထန်လောင်ကျွမ်းလျက်ရှိကြောင်းနှင့် မီးသတ်သမားရာပေါင်းများစွာက တောမီးကိုအသည်းအသန် ငြိမ်းသတ်နေရကြောင်းသိရသည်။

အဆိုပါသုံးနိုင်ငံအတွင်း လောင်ကျွမ်းနေသော တောမီးများကြောင့် ဟက်တာ ၁၇၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ပြီးဖြစ်ရာ ယင်းပမာဏမှာ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မန်ဟက်တန်ကျွန်းအရွယ်အစားထက် နှစ်ဆခန့်ပိုမိုကျယ်ဝန်းသည်ဟု တာဝန်ရှိသူများကပြောသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းဖြစ်ပေါ်သော ဥရောပဒေသ၏အပြင်းထန်ဆုံး အပူလှိုင်းကြောင့် သေဆုံးသူထောင်ပေါင်းများစွာရှိသည်ဟု တာဝန်ရှိသူများက မှတ်တမ်းတင်ထားသည်။

ကမ္ဘာတစ်ဝန်းတွင် အပူလှိုင်းကျရောက်မှု အကြိမ်ရေပိုများပြားလာပြီး ပြင်းထန်မှုနှုန်းလည်းမြင့်တက်လာလျက်ရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်ဟုသိရသည်။

**Ref: Xinhua**

# အားကောင်းသောအယ်လ်နီညိုရာသီဥတုဖြစ်စဉ် မကြာမီဝင်ရောက်လာနိုင်ဟု ကုလသမဂ္ဂသတိပေး

**ဂျီနီဗာ၊ ရာသီဥတု**

ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် အားကောင်းပြီးပြင်းထန်သောအခြေအနေသို့ လျင်မြန်စွာ ကူးပြောင်းဖြစ်ပေါ်လာနိုင်ပြီး ဆိုးရွားပြင်းထန်သော ရာသီဥတုဒဏ်ကို ခံစားရနိုင်ခြေရှိကြောင်း ကုလသမဂ္ဂ မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာအေဂျင်စီက သတိပေးလိုက်သည်။


ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) ၏ ထုတ်ပြန်ချက်အရ အဆိုပါ ရာသီဥတုဖြစ်စဉ်သည် လက်ရှိတွင်စတင်အခြေတည်နေပြီဖြစ်ကာ အရှိန်အဟုန်ဖြင့် ပိုမိုအားကောင်းလာနိုင်သောကြောင့်ကမ္ဘာ့နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများလုပ်ထားရန် လိုအပ်ကြောင်းသိရသည်။

အယ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာအလယ်ပိုင်းနှင့် အရှေ့ပိုင်း အီကွေတာဒေသတို့တွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်ကို မြင့်တက်စေပြီး တစ်ကမ္ဘာလုံး၌ လေတိုက်နှုန်း၊ လေဖိအားနှင့် မိုးရွာသွန်းမှုပုံစံများကို ပြောင်းလဲစေတတ်သည်။

WMO မှ ကမ္ဘာ့ရာသီဥတုစောင့်ကြည့်ရေးစင်တာများ၏ ခန့်မှန်းချက်များအရ ပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်မြင့်တက်လာနိုင်ကြောင်း အတည်ပြုထားသည်။

"အယ်လ်နီညိုဖြစ်စဉ်ဟာ အားကောင်းတဲ့အဆင့်ကို မြန်မြန်ဆန်ဆန်ရောက်လာမှာဖြစ်လို့ ဒေသအများအပြားမှာ မိုးခေါင်တာ၊ မိုးသည်းထန်တာနဲ့အတူ ကုန်းမြေနဲ့ ပင်လယ်ပြင်တွေမှာ အပူလှိုင်းဖြတ်မယ့် အန္တရာယ်တွေကို ပိုမိုမြင့်တက်စေမှာဖြစ်ပါတယ်" ဟု WMO ၏ အကြီးအကဲဖြစ်သည့် ဆယ်လတ်စတီဆောလိုကပြောသည်ဟုသိရသည်။

**Ref: ST**



# OPEC+ အဖွဲ့က ရေနံထုတ်လုပ်မှုကို တစ်ရက်လျှင် စည် ၁၈၈၀၀၀ တိုးမြှင့်မည်

**ဗီယင်နာ၊ ရေနံ**


ကမ္ဘာ့ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့နှင့် မဟာမိတ်များ (OPEC+) သည် ဩဂုတ်လမှစ၍ ရေနံစိမ်းထုတ်လုပ်မှုကို တစ်ရက်လျှင် စည် ၁၈၈၀၀၀ ထပ်မံတိုးမြှင့်သွားရန် ဇူလိုင်လ ၅ ရက်တွင်သဘောတူလိုက်ကြောင်းသိရသည်။

ယခုဆုံးဖြတ်ချက်သည် ၂၀၂၃ ခုနှစ်ဧပြီလကတည်းက ချမှတ်ထားသော တစ်ရက်လျှင် ရေနံစိမ်းစည် ၁ ဒသမ ၆၅ သန်း လျှော့ချထုတ်လုပ်မည့် အစီအစဉ်ကို စနစ်တကျ ဖြေလျှော့ပေးရန် လုပ်ဆောင်ခြင်းဖြစ်ပြီး ၅ လဆက်တိုက် ထုတ်လုပ်မှုပမာဏကို တဖြည်းဖြည်းချင်း တိုးမြှင့်ပေးခြင်းလည်း ဖြစ်သည်။

ထိုရေနံထုတ်လုပ်မှု ကန့်သတ်ချက်ပြင်ဆင်မှုကို အဓိကအဖွဲ့ဝင် ၇ နိုင်ငံဖြစ်သော ဆော်ဒီအာရေဗျ၊ ရုရှား၊ အီရတ်၊ ကူဝိတ်၊ ကာဇက်စတန်၊ အယ်ဂျီးရီးယားနှင့် အိုမန်တို့ကဦးစီးလုပ်ဆောင်သွားမည်ဖြစ်သည်။ ဩဂုတ်လအတွက် ခွဲတမ်းများအရ ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံတို့သည် တစ်ရက်လျှင်ရေနံစိမ်းစည် ၆၂၀၀၀ စီ၊ အီရတ်ကစည် ၂၆၀၀၀၊ ကူဝိတ်က စည် ၁၆၀၀၀၊ ကာဇက်စတန်က စည် ၁၀၀၀၀၊ အယ်ဂျီးရီးယားက စည် ၆၀၀၀ နှင့် အိုမန်က စည် ၅၀၀၀ စီအသီးသီးတိုးမြှင့်ထုတ်လုပ်သွားမည် ဖြစ်သည်။

ဟော်မုရေလက်ကြားအတွင်း ဖြစ်ပွားနေသော ပထဝီနိုင်ငံရေးတင်းမာမှုများကြောင့် ကမ္ဘာ့ရေနံထောက်ပံ့မှုအပေါ် ရိုက်ခတ်မှုများရှိသော်လည်း ယခုကဲ့သို့ ဖြေလျှော့ခြင်းအားဖြင့် ဈေးကွက်ကို ထိန်းညှိနိုင်မည်ဖြစ်သည်။ **Ref: Xinhua**

# တရုတ်နိုင်ငံ၌ တရုတ်နှင့်ရုရှား ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မည်



**ပေကျင်း၊ စစ်ရေး**

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှရေတပ်များက တရုတ်နိုင်ငံအရှေ့ပိုင်း ကျင်းတောင်မြို့၌ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်ခန်းများကို ဇူလိုင်လ ၆ ရက်မှစ၍ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ထိုပူးတွဲစစ်ရေးလေ့ကျင့်ခန်းဆောင်ရွက်ပြီးနောက် လေ့ကျင့်ခန်းတွင်ပါဝင်သည့်တပ်ဖွဲ့များအနေဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်း ပူးတွဲကင်းလှည့်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုဆောင်ရွက်ရခြင်းသည် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို တုံ့ပြန်နိုင်ရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ယခုစစ်ရေးလေ့ကျင့်မှုတွင် ဖျက်သင်္ဘောများ၊ ဖရီးဂိတ်စစ်ရေယာဉ်များ၊ ရေငုပ်သင်္ဘောများပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: ST**

# ဗင်နီဇွဲလားငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၃၀၀၀ နီးပါးမြင့်တက်လာ

**ကရားကတ်၊ သဘာဝဘေး**

ဗင်နီဇွဲလားနိုင်ငံ၌ မကြာသေးမီကဖြစ်ပွားသော ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူဦးရေသည် ၃၀၀၀ နီးပါးအထိမြင့်တက်လာပြီဖြစ်ကြောင်း ဇူလိုင်လ ၄ ရက်အစိုးရ၏တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဇူလိုင်လ ၄ ရက်တွင် သေဆုံးသူဦးရေ အယောက် ၃၀၀ ကျော်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်း ၂၉၅၄ ဦးအထိရှိလာပြီဖြစ်သည်။

ထို့ပြင် ပျောက်ဆုံးစာရင်းဝင်နေသူဦးရေမှာ ၅၀၀၀၀ ဝန်းကျင်အထိရှိနိုင်သေးကြောင်း ကုလသမဂ္ဂကခန့်မှန်းထားစဉ် နိုင်ငံတကာမှကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်နားလိုက်သည့်အတွက် သေဆုံးသူဦးရေ များစွာမြင့်တက်လာနိုင်ကြောင်းသိရသည်။

**Ref: JT**

# ပွင့်ဖြူမြို့နယ်၌ ဌာနဆိုင်ရာများစုပေါင်း၍ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး



ပွင့်ဖြူ ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ညောင်ပင်ရွာကျေးရွာအဝင် လမ်းဘေးမြေကွက်လပ်၌ ဌာနဆိုင်ရာများစုပေါင်း၍ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၄ ရက်က ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရန်နိုင်စိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာမြင့်ဦးနှင့်ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ကျွန်း၊ ရင်းမာ၊ စိန်ပန်း၊ ငုရွှေဝါ စသည့် အရိပ်ရပျိုးပင် ၂၀၀ ကို တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ စုပေါင်းစိုက်ပျိုးကြသည်။

ပွင့်ဖြူမြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တောသစ်ပင်များ၏တန်ဖိုးကို သိရှိနားလည်နိုင်စေရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ ရာသီဥတုဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒရရှိစေရေးနှင့် အပူဒဏ်ကာကွယ်နိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၃၄၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၄၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၃၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၄၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၃ ရက်အထိ ငွေကျပ် ၃၄၈၇၁၅၄၃၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၆၈၅၇ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၉၃၀၇၂၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၀၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MTSH ကုမ္ပဏီမှ ငွေကျပ် ၁၄၈၃၂၄၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၇၁၇၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၂၁၃၄၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၅၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ FPB ကုမ္ပဏီမှ ငွေကျပ် ၂၃၆၃၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၃၃၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ TMH ကုမ္ပဏီမှ ငွေကျပ် ၁၁၁၅၈၃၀ တန်ဖိုးရှိစတော့ရှယ်ယာ ၂၈၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၂၂၉၈၁၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၁၃၄၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ AMATA ကုမ္ပဏီမှ ငွေကျပ် ၁၀၇၁၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၆၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ MAEX ကုမ္ပဏီမှ ငွေကျပ် ၅၆၃၈၀၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၉၀၇၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **ခန့်ခန့်**

# မင်းဘူး(စကု)မြို့နယ်၌ အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

မင်းဘူး ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ကန်ရေကျေးရွာဓမ္မာရုံ၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဇူလိုင်လ ၄ ရက်က ဖွင့်လှစ်သည်။

အဆိုပါအခမ်းအနားတွင် မင်းဘူးခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်နုရွှေစင်က ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားကာ ကန်ရေကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်သည်။

ယင်းသင်တန်းကို သင်တန်းသူ ၁၅ ဦးဖြင့် ဇူလိုင်လ ၄ ရက်မှ ဩဂုတ်လ ၂၀ ရက်အထိဖွင့်လှစ်ပြီး ကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့လက်တွေ့ဘာသာရပ်များဖြင့် စနစ်တကျဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ထို့ပြင် သင်တန်းမှ အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်၍ အသေးစား လုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။



**မောင်မောင်(မင်းဘူး)**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၌ ကျောင်းအုပ်ကြီးဖလား မေဂျာပေါင်းစုံအားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကျင်းပ

ရေနံချောင်း ဇူလိုင် ၅

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအုပ်ကြီးဖလား မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၄ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မှ Mech အသင်းနှင့် Civil အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးဒေါက်တာဝင်းစန္ဒာက အားကစားပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ကျောင်းအုပ်ကြီးဖလား မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမဆုရ Mech အသင်း၊ ဒုတိယဆုရ Civil အသင်းနှင့်တစ်ဦးချင်းအကောင်းဆုံးဆုများကိုလည်းကောင်း၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရအသင်းများကိုလည်းကောင်း ဆုဖလားနှင့် ဆုတံဆိပ်များ အသီးသီးချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **စိုးကြီး(ပြန်/ဆက်)**

# ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်

ရန်ကုန် ဇူလိုင် ၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ရက် ၁၀၀ ကာလအတွင်း အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများ၊ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများကို ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်လ ၄ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်ခရိုင်ဦးစီးမှူး ဦးသက်စိုးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရုံးမှ ဦးစီးမှူး ဦးအေးကျော်က နိုင်ငံသားစိစစ်ရေးကတ်ရရှိခြင်းဖြင့် နိုင်ငံသားတစ်ဦး၏အခွင့်အရေးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဇော်မျိုးထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းနှင့် ဦးဇွဲရန်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသက်စိုး၊ မြို့နယ်ဦးစီးမှူး ဦးအေးကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့် အဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဇော်မျိုးထွန်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ကျောင်းသား၊ ကျောင်းသူ ၁၄၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်ကြကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

# မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ(ကယားပြည်နယ်)မှ ပံ့ပိုးချေးငွေပေးအပ်



လှိုင်ကော် ဇူလိုင် ၅

ကယားပြည်နယ်အစိုးရအဖွဲ့မှပြည်နယ်အတွင်းရှိ တောင်သူများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် အဓိကလိုအပ်ချက်များကိုဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ်အစိုးရအဖွဲ့က မိုးသီးနှံစိုက်ပျိုးမည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်)မှ ပံ့ပိုးချေးငွေပေးအပ်ခြင်းကို ဇူလိုင်လ ၄ ရက်တွင် လှိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စုပဒါးညေးကျေးရွာနှင့်မထောခူကျေးရွာအုပ်စု စံပြ ၄ မိုင်ကျေးရွာတို့မှ အစေ့ထုတ်ပြောင်းစိုက်ပျိုးသည့်တောင်သူအစုအဖွဲ့အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်)မှ ပံ့ပိုးချေးငွေပေးအပ်ရာသက်ဆိုင်ရာကျေးရွာရှိတောင်သူကိုယ်စားလှယ်များက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လှိုင်ကော်မြို့နယ် လောခလေးကျေးရွာအုပ်စု မိုက်ကန်းကျေးရွာနှင့် နွားလဝိုးကျေးရွာအုပ်စု လွယ်ထွဲကျေးရွာတို့မှတောင်သူအစုအဖွဲ့အားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က လှိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စု ကုန်းဆွတ်ကျေးရွာနှင့် မထောခူကျေးရွာအုပ်စု သတ္တပလူကျေးရွာတို့မှ တောင်သူအစုအဖွဲ့တို့အားလည်းကောင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက လှိုင်ကော်မြို့နယ် ချိကယ်ကျေးရွာအုပ်စု ထေးသမကျေးရွာနှင့် နွားလဝိုးကျေးရွာအုပ်စု ထီရိကျေးရွာတို့မှ တောင်သူအစုအဖွဲ့တို့အားလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက လှိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု နွားလဝိုးရွာမကျေးရွာနှင့် လှိုင်လင်လေးကျေးရွာအုပ်စု လှိုင်လင်လေးကျေးရွာတို့မှ တောင်သူအစုအဖွဲ့တို့အားလည်းကောင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်)မှပံ့ပိုးချေးငွေပေးအပ်ရာ သက်ဆိုင်ရာကျေးရွာရှိတောင်သူကိုယ်စားလှယ်များက လက်ခံရယူသည်။

ထို့နောက် ကယားပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့က တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးရွာပေါင်း ၁၁ ရွာ၊ အစုအဖွဲ့ပေါင်း ၆၃ ဖွဲ့မှ တောင်သူ ၃၄၂ ဦးအတွက် ပံ့ပိုးချေးငွေကျပ်သိန်းပေါင်း ၁၃၃၁၀ ပေးအပ်ကြောင်း သိရသည်။

(၄၀၅)



# လားရှိုးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

လားရှိုး ဇူလိုင် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၅)ရပ်ကွက်ရှိ အောင်မင်္ဂလာဈေး၌ မီးဘေးအန္တရာယ်မှကင်းဝေးစေရေးအတွက်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင်လ ၄ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမင်းမင်းသစ်ဦးဆောင်၍ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဝင်များ၊ အောင်မင်္ဂလာဈေးမှ တာဝန်ရှိသူများနှင့် သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်း၊ စုပေါင်းမီးငြိမ်းသတ်ခြင်း၊ ဈေးသူ၊ ဈေးသားများက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းနှင့် အရေးပေါ်လူနာကူညီကယ်ဆယ်နည်းများအား လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုအား တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

MWD Variety Channel
၆-၇-၂၀၂၆ (တနင်္လာနေ့)

၁။ ၁၀:၄၅ Countries of the World
၂။ ၁၁:၄၅ သောတဆင်စရာ တေးမြန်မာ
၃။ ၁၂:၄၅ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၄။ ၁၄:၃၀ သတိမမူ ဂူမမြင်

MWD Education, Knowledge & Sports Channel
၆-၇-၂၀၂၆(တနင်္လာနေ့)

၁။ ၀၇:၀၀ -၀၈:၄၀ Grade – 3 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ လူမှုရေး၊ သိပ္ပံ
၂။ ၁၅:၃၀ -၁၈:၂၅ Grade – 7 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၃။ ၁၈:၂၅ -၂၀:၂၂ Grade – 7 သင်္ချာ(၂)၊ ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိုးရာသီရောက်ရှိနေပြီဖြစ်၍ လျာထားသည့်ဧကများအလိုက်သတ်မှတ်သီးနှံများ အပြည့်အဝစိုက်ပျိုးနိုင်ရေး၊ မိုးရာသီတွင်ဖြစ်ပေါ်တတ်သည့်သဘာဝဘေးအန္တရာယ်များကိုကြိုတင်ကာကွယ်နိုင်ရေးနှင့် ရေကြီးရေလျှံမှုကြောင့်ထိခိုက်နိုင်သည့် စိုက်ပျိုးသီးနှံများအတွက် အချိန်မီပြန်လည်ကုစားနိုင်ရေး ပြင်ဆင်ထားရန်ဖြစ်ကြောင်း၊ ဒေသအလိုက် စားရေရိက္ခာဖူလုံစေရေးအတွက်စိုက်ပျိုး၊ မွေးမြူနိုင်ရေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူတတ်မြောက်စေရေး လိုအပ်သည်များပံ့ပိုးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မြို့နယ်အလိုက် သင်တန်းများဖွင့်ခြင်းကို ပံ့ပိုးကူညီဆောင်ရွက်ရန်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏အောက်ခြေမြို့နယ်အဆင့်ထိ ရုံးလုပ်ငန်းများကိုကြီးကြပ်ဆောင်ရွက်ရန်နှင့် တင်ဒါလုပ်ငန်းများအားလုပ်ထုံးလုပ်နည်းနှင့်အညီ စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ မြို့ပြသန့်ရှင်းသာယာ လှပရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုနှင့် လအလိုက် စီမံကိန်းတာဝန်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တင်ပြချက်များနှင့် ပတ်သက်၍ ဌာနတစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်မှာကြားကြောင်း သိရသည်။

ဥဿာတိုင်းသား

## ➤ ကျောဖုံးမှအဆက်


တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။


မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့်ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)






# ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ရှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် မက်ဆီမှတ်တမ်းဝင်



ဗျူနိုအေးရိစ် ဇူလိုင် ၅

အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် အာဂျင်တီးနားအသင်းနှင့် ကိတ်ဗာဒီအသင်းတို့ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ရှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အာဂျင်တီးနားအသင်းက ကိတ်ဗာဒီအသင်းကို ၃ ဂိုး - ၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ မက်ဆီသည် ပွဲချိန် ၂၉ မိနစ်တွင် အသင်းဖော် မာတီနက်ဇ်၏ ဖန်တီးပေးမှုတစ်ဆင့် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ရှစ်ပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် ဩစတြေးလျအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး၊ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ်ကစားသည့် နယ်သာလန်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားသည့် ခရိုအေးရှားအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး၊ ဗိုလ်လုပွဲစဉ်အဖြစ်ကစားသည့် ပြင်သစ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုပွဲစဉ်အဖြစ်ကစားသည့် အယ်ဂျီးရီးယားအသင်းနှင့်ပွဲစဉ်တွင် သုံးဂိုး၊ ဩစတြီးယားအသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး၊ ဂျော်ဒန်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ်ကစားသော ကိတ်ဗာဒီအသင်းနှင့်ပွဲစဉ်တွင်လည်း တစ်ဂိုးသွင်းယူနိုင်ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် ရှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မက်ဆီသည် အာဂျင်တီးနားအသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၂၀ အထိရှိလာသည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ၂၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ်လည်းကောင်း၊ ပြိုင်ပွဲသမိုင်းတစ်လျှောက် မတူညီသော ပြိုင်ဘက်အသင်း ၁၄ သင်းကို ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ်လည်းကောင်း မှတ်တမ်းကောင်းများစွာကို ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

*Ref:Fotmob*

## ဘီဆစ်တပ်အသင်းက အာဆင်နယ်အသင်းမှ ထရေးဆက်ကို ခေါ်ယူရန် သဘောတူညီမှုရရှိ

အစ္စတန်ဘူလ် ဇူလိုင် ၅

လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် တူရကီယဲထိပ်တန်းကလပ် ဘီဆစ်တပ်အသင်းက အာဆင်နယ်အသင်းမှ တိုက်စစ်ကစားသမား ထရေးဆက်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ထရေးဆက်နှင့် အာဆင်နယ်အသင်းတို့ ချုပ်ဆိုထားသောစာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း အာဆင်နယ်အသင်းက လက်ရှိ နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ဘီဆစ်တပ်အသင်းက ခေါ်ယူရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂ သန်းဖြင့် သုံးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ထရေးဆက်သည် အာဆင်နယ်အသင်းနှင့်အတူ ဘောလုံးရာသီ လေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၇၄ ပွဲ ပါဝင်ကစားပေးထားပြီး ၃၆ ဂိုး သွင်းယူနိုင်ခဲ့သည်။

လက်ရှိတွင် ထရေးဆက်သည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဘယ်လ်ဂျီယံအသင်းနှင့် ပူးပေါင်းနေသည့်အတွက် တရားဝင်စာချုပ်ချုပ်ဆိုနိုင်ဦးမည်မဟုတ်ဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ဘီဆစ်တပ်အသင်းနှင့် လာရောက်ပူးပေါင်း၍ တရားဝင်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

*Ref:The Athletic*

# အယ်နာဆာအသင်းက နည်းပြသစ်အဖြစ် စပါးအသင်းနည်းပြဟောင်း ပိုစတီနိုကိုဂလူအားခန့်အပ်

ရီယက် ဇူလိုင် ၅

ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် နည်းပြသစ်အဖြစ် စပါးအသင်းနည်းပြဟောင်း ပိုစတီနိုကိုဂလူအား ခန့်အပ်ခဲ့ကြောင်း သိရသည်။

အယ်နာဆာအသင်းနည်းပြဟောင်း ဂျော်ဂျီဂျီးဆပ်သည် ယခုဘောလုံးရာသီတွင် အယ်နာဆာအသင်းကို ကာလအတန်ကြာဝေးကွာနေသည့် ဆော်ဒီပရိုလိဂ်ချန်ပီယံဆုဖလား ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

အသက် ၆၀ အရွယ် နည်းပြပိုစတီနိုကိုဂလူသည် စပါးအသင်းကို ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ရာ စပါးအသင်းကို ယူရိုပါလိဂ်ဖလားဆွတ်ခူးပေးနိုင်ခဲ့သော်လည်း အဆိုပါဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ရလဒ်များဆိုးရွားခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် ဇွန်လက အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

နည်းပြပိုစတီနိုကိုဂလူသည် စပါးအသင်းနှင့် လမ်းခွဲပြီးနောက် ၂၀၂၅ ခုနှစ် စက်တင်ဘာလက နော်တင်ဟမ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် အသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ လက်ရှိတွင် အယ်နာဆာအသင်းနည်းပြအဖြစ် တာဝန်ယူ၍ နည်းပြလောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

*Ref:Fabrizio Romano*



# ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက် အတည်ပြု

လန်ဒန် ဇူလိုင် ၅

ချယ်လ်ဆီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်က မိမိအနေဖြင့် အနာဂတ်နှင့်ပတ်သက်၍ လက်ရှိ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၂၅ နှစ်အရွယ် အန်ဇိုဖာနန်ဒက်သည် ၂၀၂၃ ခုနှစ်က ဘင်ဖီကာအသင်းမှ ချယ်လ်ဆီးအသင်းထံ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက ချယ်လ်ဆီးအသင်း ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ဥရောပအဆင့်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်ခဲ့သော်လည်း အန်ဇိုဖာနန်ဒက်အနေဖြင့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၆၁ ပွဲကစားခဲ့ရာတွင် ၁၆ ဂိုးသွင်းယူနိုင်သကဲ့သို့ ဂိုးဖန်တီးမှု ၁၀ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။

သို့သော် ပြီးခဲ့သည့်ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လိုကြောင်း ပြောကြားခဲ့သည်ဟု သတင်းများထွက်ပေါ်ပြီးနောက် အသင်းနှင့် အနာဂတ်မရေမရာမှုများ စတင်ဖြစ်ပေါ်လာပြီး ပွဲစဉ်တချို့၌ အသင်းကစားသမားစာရင်းမှပင် ချန်လှပ်ခံခဲ့ရသည်။

လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း အန်ဇိုဖာနန်ဒက်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက ပြီးခဲ့သည့်ရက်ပိုင်းက အန်ဇိုဖာနန်ဒက်ကို ခေါ်ယူမည်မဟုတ်ဟု အတည်ပြုခဲ့ပြီးနောက် မန်စီးတီးအသင်းနှင့် အပြောင်းအရွှေ့သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။

သို့သော် အန်ဇိုဖာနန်ဒက်က အနာဂတ်နှင့်ပတ်သက်ပြီး အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေသော်လည်း အတည်ပြုဆုံးဖြတ်ချက်ချမှတ်ဦးမည်မဟုတ်ဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ အနာဂတ်နှင့်ပတ်သက်၍ ဆုံးဖြတ်မည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref:Fabrizio Romano*

# မော်ဖောင်းကျေးရွာအုပ်စုအတွင်း ဌာန/အဖွဲ့အစည်းများပိုင် မြေနေရာနှင့် ကျေးရွာတိုးချဲ့မြေနေရာဖော်ထုတ်နေမှုတို့ကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား ဇူလိုင် ၅

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့နယ်မော်ဖောင်းကျေးရွာအုပ်စုအတွင်း ကွင်းအမှတ်(၂၈၂)၊ အား/ကာကွင်းအတွင်း အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမြေနေရာ၊ စက်မှုသင်တန်းကျောင်းမြေနေရာများ အပါအဝင်ဌာန/အဖွဲ့အစည်းများနှင့် ကျေးရွာတိုးချဲ့မြေနေရာအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီလျာထားသတ်မှတ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ပလနကျေးရွာအုပ်စု ကံ့ကော်မြိုင်ကျေးရွာအတွင်းရှိ ငါးလုပ်ငန်းစခန်းဟောင်းဧရိယာအား ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ငါးကန်များပြုပြင်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုပြီး ငါးမွေးမြူရေးလုပ်ငန်းများ အမြန်ဆုံးလည်ပတ်နိုင်ရေးအတွက်ငါးကန်များအတွင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ ကျော်ကို စိုက်ထည့်ပေးကြသည်။

ယင်းနောက် အဆိုပါကျေးရွာ အုပ်စုမြေဧရိယာအတွင်း မွေးမြူရေးဇုန်အဖြစ်လျာထားသတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ယင်းမြေဧရိယာအတွင်းရှိ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုကြည့်ရှုပြီး မွေးမြူရေးဇုန်နေရာအဖြစ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရားတွင် နံရံဆေးရေးပန်းချီ အထောက်အထားအသစ်ဖော်ထုတ်တွေ့ရှိ



ညောင်ဦး ဇူလိုင် ၅

အိန္ဒိယနိုင်ငံမှ Archaeological Survey of India (ASI) အဖွဲ့သည် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံအမှတ်(၁၆၇၀) မဟာဗောဓိဘုရားအား အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အင်္ဂတေပန်းလက်ရာများ ချေးချွတ်သန့်စင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နံရံပန်းချီရှိ၊မရှိ စပ်းသပ်ကွက်တွင် နံရံဆေးရေးပန်းချီတွေ့ရှိခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာဗောဓိဘုရားအပေါ်ထပ်ဂန္ဓကုဋိတိုက်အတွင်းပိုင်း ထုံးသားလွှာအောက်တွင် နံရံပန်းချီ ရှိ၊ မရှိ နမူနာအကွက်ငယ် ၁၃ ကွက်အား စမ်းသပ်ခဲ့ရာ အရှေ့ဘက်နံရံတွင် ထင်ရှားသော နံရံပန်းချီ တစ်ကွက်၊ တောင်ဘက်နှင့် မြောက်ဘက်တွင် ဆေးသားမှိန်သည့် နံရံပန်းချီ တစ်ကွက်စီဖြင့် စုစုပေါင်း သုံးကွက်တွင် နံရံပန်းချီဆေးသားလွှာများကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

ပုဂံဒေသတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၃၈၃၇ ဆူရှိသည့်အနက် နံရံဆေးရေးပန်းချီရှိသည့် ရှေးဟောင်းအဆောက်အအုံအရေအတွက်မှာ ယခင်က ၄၁၆ ဆူရှိသည်ဟု မှတ်တမ်းတင်ခဲ့သော်လည်း ယခုအခါ ၁၃ ရာစုခေတ် လက်ရာ မဟာဗောဓိဘုရားတွင် နံရံပန်းချီရှိကြောင်း ထပ်မံဖော်ထုတ်တွေ့ရှိခဲ့သဖြင့် နံရံပန်းချီရှိဘုရား တစ်ဆူ ထပ်မံပေါ်ပေါက်လာသည့် အခြေအနေဖြစ်ပြီး မဟာဗောဓိဘုရားအား နိုင်ငံဖြတ်ကျော်ပူးတွဲအဆိုပြု ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းဘုရားရှိ နံရံပန်းချီများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ဒီပါလင်း**

# ကျောင်းကုန်းမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့မှ တောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်




ပုသိမ် ဇူလိုင် ၅

ဒေသတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအထောက်အကူပြုထုတ်ကုန်ပြပွဲ၊ နည်းပညာပြပွဲနှင့် Rice Export Zone စီမံချက် မိုးစပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂျီဘီအက်(စ်) လယ်ယာဝန်ဆောင်မှုစခန်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ထုတ်ကုန်ပြပွဲနှင့်နည်းပညာပြပွဲကို ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ကျောင်းကုန်းမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့်ပန်းတနော်မြို့နယ်တို့မှတောင်သူများထံ စိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု စာဖြူစုကျေးရွာ တောင်သူ ဦးရဲရင့်အောင်၏ စိုက်ခင်း၌ ပြုလုပ်သည့် မျိုးစေ့ထုတ် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် မုန်သီတာမျိုးစေ့ထုတ်လုပ်ရေးကုမ္ပဏီ၌ စပါးမျိုးထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) က ကြီးမှူးဖွင့်လှစ်သည့် AFC/MFF "B" Diploma Coaching Course နည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အားပေးစကားများ ပြောကြားသည်။ ဆက်လက်၍ နည်းပြသင်တန်းဆရာ ဦးညီညီလတ်က သင်တန်းကာလအတွင်း သင်ကြားပြသခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ နည်းစနစ်ဒါရိုက်တာ Mr. Michiteru Mita နှင့် သင်တန်းနည်းပြဆရာတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက အဆင့်မြင့်နည်းပြသင်တန်းဖွင့်လှစ်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နည်းပြဆရာများအား ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ဘောလုံးနည်းပြကဏ္ဍတွင် အဆင့်မြင့်နည်းဗျူဟာများနှင့် အရည်အချင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အဆိုပါ နည်းပြသင်တန်းကို ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်ကစားသမားဟောင်းများ အပါအဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

# မြဝတီမြို့ သန့်ရှင်းသာယာလှပစေရေး သန့်ရှင်းရေးဆောင်ရွက်

မြဝတီ ဇူလိုင် ၅

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် အာရှလမ်းမကြီးရှိ ယူနီယမ်ဟိုတယ်အရှေ့မှ ကွန်ဂူရာဟိုတယ်အရှေ့အထိ လမ်းလယ်ကျွန်းတစ်လျှောက်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် အဖွဲ့ဝင် ဦးအောင်မျိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်နှင့်အဖွဲ့ဝင် ဦးရဲထွဋ်ပိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူးဦးကျော်ကျော်ဦးတို့က လိုက်လံကြည့်ရှုခဲ့ကြကာလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ၌ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက အင်အားဖြည့်၍ ချုံနွယ်၊ မြက်ပင်များ အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြကာ ထွက်ရှိလာသည့် အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေး အမှိုက်သိမ်းယာဉ်ဖြင့် သယ်ယူဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(၄၀၆)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း
## တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော **ဒုတိယဦးစီးမှူး ၂၀ နေရာ**(လစာနှုန်း၊ ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၃၀-၆-၂၀၂၆ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (င) ဝန်ထမ်းဖြစ်ပါက ၃၀-၆-၂၀၂၆ ရက်နေ့တွင် အသက် (၃၅)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဆ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များပါဝင်ရမည် -
- (က) တစ်လအတွင်း ရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ(၃)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန် )
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါပြသနိုင်ရမည်။)
- (ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

၄။ လျှောက်လွှာပုံစံများကို ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီး နီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ရယူနိုင်ပါသည်။ လျှောက်လွှာများကို ၆-၇-၂၀၂၆ ရက်နေ့(တနင်္လာနေ့)မှ စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၂၄-၇-၂၀၂၆ ရက်နေ့(သောကြာနေ့) နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့်ကော်မရှင်အဖွဲ့ခွဲရုံးများသို့လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၅။ ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ခွင့်ပြုထောက်ခံချက်ဖြင့် သက်ဆိုင်ရာဌာနမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို လျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး[ရုံးအမှတ်(၂၂)၊ နေပြည်တော်]၏ ကြော်ငြာသင်ပုန်းနှင့် ကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတဘာသာရပ်မေးခွန်းတို့အား (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)စာစစ်ဌာနများတွင် ၁-၈-၂၀၂၆ ရက်နေ့(စနေနေ့) ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်အား တစ်ပါတည်းယူဆောင်လာရမည်ဖြစ်သည်။ ၂-၈-၂၀၂၆(တနင်္ဂနွေနေ့)တွင် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များစသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။

၉။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးများနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး[ရုံးအမှတ်(၂၂)၊ နေပြည်တော် ဖုန်း - ၀၆၇ - ၃၄၀၄၂၂၃၊ ၀၆၇-၃၄၀၄၂၀၈]တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

## ပြည်ထောင်စုနယ်မြေ
## နေပြည်တော်၊ လမ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း[၁(လင)/၂၀၂၆-၂၀၂၇]

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လမ်းဦးစီးဌာန၊ ဥတ္တရခရိုင်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေများဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်**(မြန်မာကျပ်ငွေ)**ဖြင့် လုပ်ငန်းတင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူနိုင်ငံသားလုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | (၉-၇-၂၀၂၆)ကြာသပတေးနေ့ |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန် | - | (၁၇-၇-၂၀၂၆)(၁၂:၀၀)နာရီ |
| ၄။ | အာမခံစပေါ်ငွေ(PO Cheque) တင်သွင်းရမည့်ရက် | - | (၂၀-၇-၂၀၂၆)(၁၆:၀၀)နာရီ |
| ၅။ | တင်ဒါလျှောက်လွှာပုံစံလက်ခံမည့် နေ့ရက်နှင့်အချိန် | - | (၂၂-၇-၂၀၂၆)ရက်နေ့(၁၆:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရန် |

၆။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ် ဥတ္တရခရိုင်၊ လမ်းဦးစီးဌာန၊ (၀၉-၂၅၄၅၄၅၅၅၀၊ ၀၉-၉၇၂၃၇၁၁၁၁)တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကောင်စီ**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## စျေးပြိုင်စနစ်ဖြင့်လေလံခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍ မရတော့သည့် ရထားလမ်းခင်းကျောက်အဟောင်းများပါဝင်သော ကျောက်ရောမြေ(၃၈၂၇၀)ကျင်းခန့်အား စျေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | လေလံအမှတ် | ပစ္စည်းအမျိုးအမည် | လမ်းပိုင်းတည်နေရာ |
|---|---|---|---|
| ၁ | ၀၁/မမ/လေလံ (၂၀၂၆-၂၀၂၇) | ကျောက်ရောမြေ (၃၈၂၇၀)ကျင်းခန့် | Lot(1)-ရန်ကုန်-ပဲခူး(၁၀၀၀၀)ကျင်းခန့်<br>Lot(2)-ပဲခူး-ညောင်လေးပင်(၉၈၀၀)ကျင်းခန့်<br>Lot(3)-ညောင်လေးပင်-တောင်ငူ(၁၈၄၇၀)ကျင်းခန့် |

လေလံပိတ်မည့်နေ့/အချိန် - (၂၁-၇-၂၀၂၆)(အင်္ဂါနေ့)မွန်းတည့်(၁၂:၀၀)နာရီ
တင်ဒါအမှတ်စဉ်(၅ မှ ၈ ထိ)(၂၈-၇-၂၀၂၆)နေ့လယ် (၂:၃၀)နာရီ

၂။ လေလံပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၆-၇-၂၀၂၆)ရက်နေ့မှ(၁၇-၇-၂၀၂၆)ရက်နေ့ထိ (ရုံးပိတ်ရက်မပါ) ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊**
**ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၉၁၉၉၁၊ ၀၁-၂၉၁၉၉၄**

### အမည်ပြောင်း
လယ်ဝေးမြို့၊ စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်း(ပုံချို)မွေးမြူရေးဘာသာ၊ Grade-12 မှအဘ ဦးစိန်ထွန်း၏သား မောင်ကျော်ဟိန်းအား ယနေ့မှစ၍ မောင်ဟိန်းထက်အောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းထက်အောင်**

### သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ပျဉ်ရေကျေးရွာအုပ်စု၊ ပျဉ်ရေကျေးရွာနေ မသဇင်နွယ်(ဘ)ဦးတင်ညွန့် ၇/ရကန(နိုင်)၁၀၂၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 725062)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပညာဘဏ်တိုက် စာကြည့်တိုက်

### အမည်မှန်
လားရှိုးမြို့ English Gallery ကိုယ်ပိုင်ကျောင်း Grade-2 တွင် ပညာသင်ကြားနေသော အဘ ဦးနိုင်ဝင်း၏သား မောင်လက်ျာမောင်၏အမည်မှန်မှာ မောင်ဖွဲ့မြတ်ပိုင်ဖြစ်ပါကြောင်း။ **မောင်ဖွဲ့မြတ်ပိုင်**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်ဇောက်ကျေးရွာနေ အဘ ဦးစိုးဝင်း၏သမီး မအေးညိမ်းမိုး၏အမည်မှန်မှာ ၈/ရစက(နိုင်)၂၈၉၂၆၁ အရ မအေးငြိမ်းမိုးဖြစ်ပါကြောင်း။ **မအေးငြိမ်းမိုး**

### အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်ဇောက်ကျေးရွာနေ အဘ ဦးမောင်ကို၏သား ဦးချစ်စိုး၏အမည်မှန်မှာ ၈/ရစက(နိုင်)၁၉၉၃၆၂ အရ ဦးချစ်ဆိုးဖြစ်ပါကြောင်း။ **ဦးချစ်ဆိုး**

### ပျောက်ဆုံးကြောင်း
လောင်ကျင့်(ဘ)ဦးချော်ကွမ်း ၁၃/နမတ(နိုင်)၀၄၇၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စိုင်းခေးနွမ်မိန်း(ဘ)ဦးဆန်ထွန်း ၁၃/လရန(နိုင်)၂၄၈၈၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဦးဇာဟဲ(ဘ)ဦးဇာနည်၄/မတပ(နိုင်)၀၀၀၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၄၅၅၈၈၃

### ပျောက်ဆုံးကြောင်း
သင်းသင်းအေး(ဘ)ဦးသိန်းထွန်း ၁၀/မဒန(နိုင်)၁၅၈၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မေသဥ္ဇာလွင်(ဘ)ဦးကျော်ထွန်း ၇/ပတတ(နိုင်)၁၄၃၄၀၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သင်းသဇင်မိုး(ဘ)ဦးသန်းမိုး ၁၄/မအပ(နိုင်)၂၉၅၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 470241)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၆၁၉၉၀၄

### ပျောက်ဆုံးကြောင်း
မောင်ချမ်းသာ(ဘ)ဦးထွန်းသင်း ၅/ဒပယ(နိုင်)၁၃၄၉၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၁၁၀၃၁၀၅








နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအတိုင်း အရသာရှိ ဗိုက်နွှင်ကြည်နူး....
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Black Tea
ရွှေဖီဦး
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




MYAWADDY BANK LIMITED
"မှန်သည် မြန်သည် မြဝတီ"
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
MIR Card POS Services / MIR Card Cashout (MMK) Via POS
Mobile Banking and Internet Banking Services
Foreign Banking Services with Russian Banks
MPU
UnionPay
Phone No : (01) 2301367, 2301368, 2301452, 2301378




ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD, BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လွန်ပရာဘန်ပြည်နယ် ပါတီကော်မတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ

စာ - ၁၆ သို့

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လွန်ပရာဘန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လာအိုနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး (Minister in Attendance) မစ္စတာ ထောင်ဆာဗန်ဖုန်ဗီဟေးနှင့်ဇနီး ဦးဆောင်သည့် လာအိုအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။


ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် ကော်ဇောနီ၏ ဘေးတစ်ဖက်တစ်ချက်တွင် လာအိုကင်းထောက်လူငယ်မောင်မယ်လေးများက နှစ်နိုင်ငံအလံများဝှေ့ယမ်းပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ကို လှိုက်လှဲနွေးထွေးစွာဖြင့် နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးလိုက်ပါလာသည့် အထူးလေယာဉ်သည် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ စာမျက်နှာ ၆ ကော်လံ ၄ ◆

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင်လ ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ စာမျက်နှာ ၂၇ ကော်လံ ၁ ➤




## ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၅

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပဉ္စမနေ့ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ၌ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့ Linking Event-3 (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန စာမျက်နှာ ၁၆ ကော်လံ ၁ ▼




## နိုင်ငံတကာရေးရာ

စစ်မှန်သော အာကာသအချုပ်အခြာအာဏာအတွက် ရုရှားရဲ့ Rassvet ဂြိုဟ်တုများ
စာ - ၂၂ သို့

ပြင်သစ်၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့၌ တောမီးများ အပြင်းအထန်လောင်ကျွမ်းနေ
စာ - ၂၃ သို့

ဗင်နီဇွဲလားလျှပ်စစ်ပြတ်တောက်မှုကြောင့် သေဆုံးသူ ၃၀၀၀ နီးပါးမြင့်တက်လာ
စာ - ၂၃ သို့

အားကောင်းသော အယ်လ်နီညိုရာသီဥတုဖြစ်စဉ် မကြာမီဝင်ရောက်လာနိုင်ဟု ကုလသမဂ္ဂသတိပေး
စာ - ၂၃ သို့